# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၁၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (28-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၁/၂၀၂၆)ကျင်းပ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက video conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၅) မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ထွက်ပေါ်လာမည့် အစိုးရအသစ်ကို နိုင်ငံ့တာဝန်များလွှဲပြောင်းပေးအပ်ပြီး ၎င်းတို့၏ တာဝန်များကို အကောင်းဆုံးဖြစ်အောင်ထမ်းဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် မန္တလေးတိုင်းဒေသကြီးခရီးစဉ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)၌

စာမျက်နှာ ၁၈ ကော်လံ ၁

**စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို**

စာမျက်နှာ - ၁၇

**အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ သွားရောက်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချေပချက်များကို ထောက်ခံဂုဏ်ပြုပွဲနှင့် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန်စွပ်စွဲချက်များ ကန့်ကွက်ရှုတ်ချပွဲကျင်းပ**

စာမျက်နှာ - ၂၂




ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု

SINMINN CEMENT FACTORY GROUP

SIN MINN

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ISO 9001 : 2015

CERTIFICATE NO.TH011875

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀

E-Mail : scfg.kyaukse@gmail.com



ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်
အယ်ဒီတာအာဘော်

# သုတေသနရလဒ်ကောင်းများဖြင့် လူတိုင်းအသက်ရှည်စွာနေထိုင်နိုင်ရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူငယ်များအသိပညာ၊ အတတ်ပညာမြင့်မားရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာကြံ့ခိုင်နေရန်လိုအပ်သည်။ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် **"နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"**ဟူ၍ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ သုတေသနလုပ်ငန်းများနှင့် သုတေသနညီလာခံများသည် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ရာတွင် များစွာအထောက်အကူဖြစ်စေသည်။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံများကို ၁၉၆၅ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအခါ (၅၄) ကြိမ်မြောက်သို့ပင်ရောက်ရှိလာပြီဖြစ်သည်။ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံများကို သုတေသနဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဆိုင်ရာပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့်သက်ဆိုင်ရာကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ် (၅) ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၌ ကျင်းပလျက်ရှိသည်။

ယခုကျင်းပလျက်ရှိသည့် (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ၏ ဦးတည်ချက်ကို **"ဆေးသုတေသနဆောင်ရွက်မှုများမှသည် ပြည်သူလူထု၏ကျန်းမာရေး ပိုမိုကောင်းမွန်စေရေး – Better Health Through Medical Research"** ဟုသတ်မှတ်ထားပြီး အဆိုပါသုတေသနညီလာခံများတွင် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များသည် သုတေသနစာတမ်း ၇၁ စောင်၊ သုတေသနပိုစတာ ၄၅ စောင်တို့ဖြင့် ပညာရပ်ဆိုင်ရာကဏ္ဍစုံမှ တင်သွင်းဖတ်ကြားပြသကြမည်ဖြစ်ပြီး ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲလေးခုနှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲနှစ်ခုတို့တွင် ပြည်တွင်း၊ ပြည်ပမှ သုတေသီပညာရှင်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ဆေးသုတေသနလုပ်ငန်းများမှ ရရှိလာသောခိုင်မာတိကျသည့်ရလဒ်အခြေပြုသုတေသနတွေ့ရှိချက် (Evidence-based research finding)များကို အသုံးပြုပြီး ရောဂါရှာဖွေရေးနည်းစနစ်များ၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စေမည်ဖြစ်သည့်အပြင် ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရန်၊ နိုင်ငံအတွက် ခေတ်နှင့်အညီ သင့်တော်သော ကျန်းမာရေးဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ထို့ပြင် ပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရန်အတွက် အာဟာရဆိုင်ရာသုတေသနများ၊ အစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာသုတေသနများ၊ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ပြုမူရေးနှင့်ပတ်သက်သည့် လက်တွေ့အသုံးချကျန်းမာရေးသုတေသနများမှ ဆေးသုတေသနတွေ့ရှိချက်များကို ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိလာပါက တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံနေပြည်သူလူထု၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ (၅၄) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံမှပေါ်ထွက်လာမည့် ကျန်းမာရေးဆိုင်ရာ သုတေသနရလဒ်ကောင်းများသည် ပြည်သူများကို ရောဂါဘယကင်းဝေးစေပြီး သက်တမ်းစေ့အသက်ရှည်စွာနေထိုင်နိုင်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာရေးသားအပ်ပါသည်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် (နေပြည်တော်)တွင် မန္တလေးတိုင်းဒေသကြီးမှ ဒေသထွက်ကုန်ပစ္စည်းများ အောင်မြင်စွာခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၇**

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်တွင် ကျင်းပမည့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်တွင်မန္တလေးတိုင်းဒေသကြီးမှ ဒေသထွက်ကုန်ပစ္စည်းများ အောင်မြင်စွာ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နေပြည်တော်၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်ထိ ကျင်းပမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးမှ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်များပြခန်း ၅၄ ခန်း၊ သွင်းကုန်အစားထိုး တန်ဖိုးမြင့်ထုတ်ကုန်များပြခန်း ၁၂ ခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံထုတ်ကုန်ပြခန်း ရှစ်ခန်း၊ ပြည်ပပို့ကုန်ပြခန်း သုံးခန်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု ပြခန်း ၁၄ ခန်း စုစုပေါင်း ပြခန်း ၉၁ ခန်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးမှ ဒေသထွက်ကုန်များကို စုစည်းပြသနိုင်ခြင်း၊ စားသုံးသူများနှင့် တိုက်ရိုက်တွေ့ဆုံနိုင်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်လုပ်မှုကဏ္ဍ ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံ့စီးပွားရေး၏အခြေခံအင်အားစုဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)တွင် ကျင်းပသည့် ရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးမှ သွားရောက်ပြသမည့် ထုတ်ကုန်အမျိုးအစားများနှင့် ဆောင်ရွက်သွားမည့် အစီအမံများ၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေး၊ စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများက ပြခန်းများအတွက် ဆောင်ရွက်ထားရှိမှု အစီအမံများ၊ စီးပွားရေးလုပ်ငန်းရှင်များက ပြပွဲတွင်ခင်းကျင်းပြသသွားမည့် ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် အကြံပြုဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၅၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၅၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၅၂၇ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဖူးစားပြောင်း ၃၅၂၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၂၅၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ အခြားဒေသတွေမှာ ဒီဘက်က တိုင်ထောင်ပဲသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တဲ့ တောင်သူတွေနဲ့ လုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး ၁၀ ပိဿာလျှင် ငွေကျပ် ၅၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ၃၇ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပသွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆက်ကပ်လှူဒါန်းပူဇော်သည့် ၃၇ ကြိမ်မြောက် မဟာဘွဲ့နှင်း သဘင်အခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆက်ကပ်လှူဒါန်း ပူဇော်ပွဲကို ခမ်းနားထည်ဝါစွာဖြင့် ကျင်းပသွားမည်ဖြစ်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ၃၇ ကြိမ်မြောက်မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းရွှေလွင်နှင့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် မြန်မာတစ်နိုင်ငံလုံးမှ ထူးချွန်စွာ အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များကို ဆက်ကပ်လှူဒါန်း ပူဇော်သည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ တစ်လှည့်စီ ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ်တွင် မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ နိုင်ငံတော်အဆင့် အခမ်းအနားနှင့်အညီ ကျင်းပသွားမည် ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လတွင် မန္တလေးငလျင်ကြီးကြောင့်ဖြစ်ပေါ်ခဲ့သည့် အခက်အခဲများကြားမှ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ထူးချွန်စွာအောင်မြင်တော်မူခဲ့ကြသည့် သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ကြောင်း၊ ၃၇ ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဓမ္မာစရိယအထူးအောင် လေးပါး၊ ပါဠိပထမပြန် အထူးအောင် ၁၆ ပါး၊ ဓမ္မာစရိယပါဠိဂုဏ်ထူး တစ်ပါး၊ ဓမ္မာစရိယမြန်မာဂုဏ်ထူး ၁၃ ပါး၊ ဓမ္မာစရိယ(ရိုးရိုး)အောင် ၁၁၄၇ ပါးတို့ကို ဘွဲ့တံဆိပ်တော်အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပူဇော်သွားမည် ဖြစ်ပြီး အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတစ်ပြည်လုံးတွင် ဆုရရှိသူ လူပုဂ္ဂိုလ်ကိုးဦးတို့ကို အောင်လက်မှတ်များနှင့် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယခင်နှစ်များက ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ကာ ဆောင်ရွက်ရမည့် ကဏ္ဍများအလိုက် အားနည်းချက်များမရှိစေရန် ဝိုင်းဝန်းပူးပေါင်းကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဦးစီးကော်မတီမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဝင်များက ကဏ္ဍများအလိုက် လုပ်ငန်းများ ဆောင်ရွက်သွားမည့်အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ရှင်းလင်း တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**မော်လိုက် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ဧက ၇၆၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၂၉၈ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၇၅၉၄ ဧက စုစုပေါင်း ၇၈၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ်ဧက ၇၆၀၀ လျာထားစိုက်ပျိုးခဲ့ရာ ၇၈၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထား စိုက်ပျိုးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၃၈၈ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၇၂၁၂ ဧက စုစုပေါင်းဧက ၇၆၀၀ ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဟိုင်းကြီးကျွန်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ငပုတော ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၇၀၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် စပါး ၉၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၄၇၀၇၆ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒေသခံတောင်သူတွေ မိုးစပါးကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ မိုးစပါးတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိရိတ်သိမ်းတဲ့အခါ အထွက်နှုန်းကောင်းမွန်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့နယ်အတွင်း မိုးစပါးများ လျာထားဧကအတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်၊ စပါးများတွင် ကျရောက်ဖျက်ဆီးလေ့ရှိသည့် ရွှေခရုကာကွယ်ရန် တောင်သူနည်းပညာပေးလုပ်ငန်းများကို ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဘုရားဆုပန်သည့် မင်းသမီးကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)



မင်းသမီး အစောပတည်သာကျောက်စာရှိသည့် တုရင်ပုထိုးကျောင်း

ဂေါတမဘုရားရှင် တည်ထောင်ခဲ့သည့် ဗုဒ္ဓဘာသာတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်မဟာယာနဗုဒ္ဓဘာသာဟု ယုံကြည်ကိုးကွယ်မှု နှစ်မျိုးကွဲပြားသည်။ သို့သော် ဗုဒ္ဓဘာသာနှစ်မျိုးစလုံးတွင် အမျိုးသားများသာ ဘုရားဆုကိုပန်နိုင်ပြီး အမျိုးသမီးများသည် ဘုရားဆုကို ပန်ခွင့်မရှိချေ။ ပွင့်ထွန်းခဲ့သည့် ဘုရားရှင်အားလုံးသည် အမျိုးသားများသာဖြစ်သဖြင့် အမျိုးသမီးများသည် ဘုရားဆုကို တိုက်ရိုက်ပန်၍မရဘဲ အမျိုးသားဘဝကိုရရှိရန် ဦးစွာဆုတောင်းရသည်ဟု မှတ်သားခဲ့ရသည်။ အမျိုးသမီးများသည် ဘုရားဆုကို မပန်နိုင်သော်လည်း ရဟန္တာပုဂ္ဂိုလ်အဖြစ်ဖြင့် နိဗ္ဗာန်သို့စံဝင်ခဲ့သည့် ထေရီမများ၊ ဘိက္ခုနီများ ပေါ်ထွန်းခဲ့သည်။

ပိဋကသုံးပုံ၊ သုတ္တန္တပိဋကတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌာနပါဠိ ဒုတိယဝဂ်တွင် "မိန်းမသည် ဘုရားဖြစ်ရာသော အကြောင်းအခွင့်မရှိ၊ စကြဝတေးမင်းဖြစ်ရာသော အကြောင်းအခွင့်မရှိ၊ သိကြားမင်းဖြစ်ရာသော အကြောင်းအခွင့်မရှိ၊ မာရ်နတ်မင်းဖြစ်ရာသော အကြောင်းအခွင့်မရှိ၊ ဗြဟ္မာကြီးဖြစ်ရာသော အကြောင်းအခွင့်မရှိ"ဟု ဗုဒ္ဓဘုရားရှင်ဟောကြားမှုကို သင်္ဂါယနာတင်ခဲ့သည်။ ထို့ကြောင့် အမျိုးသမီးများသည် ဘုရားဆုကိုပန်၍ မရကြောင်းကား ထင်ရှားနေပေသည်။

သို့သော် ပုဂံခေတ်က မင်းသမီးတစ်ဦးသည် ကျောင်းဆောက်ပြီး လယ်နှင့်ကျွန်များလှူဒါန်းကာ အမျိုးသမီးပင်ဖြစ်လင့်ကစား ဘုရားဆုကိုပန်၍ ကျောက်စာတစ်ချပ် ရေးထိုးစိုက်ထူခဲ့သည်။

ထိုကျောက်စာသည် ပုဂံ မင်းနန်သူရွာ အရှေ့မြောက်ဘက်ရှိ တုရင်ပုထိုးကျောင်း (ပုဂံစေတီပုထိုးအမှတ် – ၄၈၉) ၌ရှိသည်။ ကျောက်စာကိုရေးထိုးခဲ့သူသည် အစောပတည်သာအမည်ရှိ မင်းသမီးဖြစ်၍ ကျောက်စာရေးထိုးသည့် အချိန်သည် သက္ကရာဇ် ၆၃၈ ခုနှစ်ဖြစ်သည်။ ထိုကာလသည် ခရစ်နှစ် ၁၂၇၆ ခုနှစ်ဖြစ်သောကြောင့် ပုဂံဘုရင် နရသီဟပတေ့ (၁၂၅၆–၁၂၈၇) လက်ထက်ဖြစ်သည်။

**တုရင်ပုထိုးကျောင်း**

တုရင်ပုထိုးသည် ပုဂံစေတီပုထိုးအမှတ် (၄၈၇) ဖြစ်၍ တုရင်ပုထိုး၏ အနောက်တောင်ဘက်တွင် သမ္ဗုလဂူဘုရား(ပုဂံစေတီပုထိုးအမှတ်–၄၈၂)ရှိသည်။

တုရင်ပုထိုးနေရာတွင် လေးထောင့်ကန်တောရဘုန်းကြီးကျောင်းရှိသည်။ တောရဘုန်းကြီးကျောင်းအတွင်း၌ရှိသည့် စေတီ၏ အပြင်ဘက်နံရံအတွင်းပိုင်းတွင် သက္ကရာဇ် ၆၅၁ ခုနှစ်တွင် ရေးထိုးခဲ့သည့် ကျောက်စာတစ်ချပ်ရှိသည်။ ထိုကျောက်စာသည် ပုဂံဘုရင်ကျော်စွာမင်း(၁၂၈၇–၁၂၉၈) လက်ထက်တွင် ဇေယျာသူဌေးက တုရင်ပုထိုးသို့ လယ်၊ ဥယျာဉ်၊ ကျွန်များနှင့် ပြာသာဒ်ကျောင်းဆောက်လုပ်လှူဒါန်းသည့် မှတ်တမ်းဖြစ်သည်။

တုရင်ပုထိုး၏ အလှူရှင်သည် နရပတိစည်သူမင်း (၁၁၆၅–၁၂၁၁)၏ အမတ်ကြီးတစ်ဦးဖြစ်သည့် တုရင်္ဂပစ္စည်းဖြစ်သည်။ အလှူရှင်တုရင်္ဂပစ္စည်းကို အစွဲပြုကာ တုရင်ပုထိုးဟု အမည်တွင်ခဲ့ဟန်ရှိသည်။ ထိုနေရာတွင် တုရင်ပုထိုးနှင့်အတူ တုရင်ပုထိုးအုတ်ကျောင်းနှစ်ကျောင်းရှိသဖြင့် တုရင်ပုထိုးအစုဟု အမည်တွင်သည်။ တုရင်ပုထိုးအစုသည် ပုဂံဒေသအရှေ့ဘက်ရှိ ရှေးဟောင်းအဆောက်အအုံများ တည်ရှိသော နယ်နိမိတ်အဆုံးနေရာဖြစ်သည်။ တုရင်ပုထိုး အုတ်ကျောင်းနှစ်ကျောင်းသည် တောင်နှင့်မြောက်တန်းလျက် တည်ရှိသည်။

မြောက်ဘက်ရှိ တုရင်ပုထိုးကျောင်း (ပုဂံဘုရားအမှတ်–၄၈၉)၏ အရှေ့ဘက်စင်္ကြံလမ်းတွင် ကျောက်စာနှစ်ချပ်ရှိရာ တစ်ချပ်သည် သက္ကရာဇ် ၆၃၅ ခုနှစ်တွင် ရေးထိုးခဲ့သည့် သံပျင်လက်ဆောင် ကျောက်စာဖြစ်သည်။ ထိုကျောက်စာသည် သံပျင်လက်ဆောင် အမည်ရှိပုဂ္ဂိုလ်တစ်ဦးက အာမနာအရှေ့တွင်မြေဝယ်၍ ကျောင်းတည်ဆောက်ကြောင်း ရေးထိုးသည့် မှတ်တမ်းဖြစ်သည်။

ထိုကျောက်စာနှင့် ဆက်စပ်နိုင်သည့် ကျောက်စာတစ်ချပ်သည် တုရင်ပုထိုးဘုရားမုခ်ပေါက်တွင် တည်ရှိသည်။ သက္ကရာဇ် ၆၅၁ ခုနှစ်တွင် ရေးထိုးခဲ့သည့် တုရင်ပုထိုး ကျောက်စာတွင် "သံပျင်စိယ်သတ္တိယ်ကြီးက အာမနာ၌ ငါပြုသောကျောင်း"ဟု ပါရှိသည်။ သံပျင်စိယ်သတ္တိယ်ကြီးသည် သူ၏ကျောက်စာတွင် တုရင်ပုထိုးတော်ဟုလည်း ဖော်ပြခဲ့သည်။

တုရင်ပုထိုးကျောင်းတွင်ရှိသည့် အခြားကျောက်စာသည် မင်းသမီး အစောပတည်သာကျောက်စာဖြစ်သည်။ မင်းသမီးအစောပတည်သာသည် မည်သူမည်ဝါဟု ထင်ရှားခြင်းမရှိသော်လည်း သူ၏ကျောက်စာမှာမူ ဘုရားဆုကိုပန်သည့် အမျိုးသမီးတစ်ဦး၏ ကျောက်စာအဖြစ် ထူးခြားခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြုစုသည့် အနယ်နယ်အရပ်ရပ်ရှိ မြန်မာကျောက်စာ စာစုစာရင်းတွင် အမျိုးသားတစ်ဦးကထိုးသည့် ကျောက်စာများ၊ အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးတွဲထိုးသည့် ကျောက်စာများနှင့် အမျိုးသမီးတစ်ဦးတည်းက ရေးထိုးသည့် ကျောက်စာများကို စုစည်းဖော်ပြခဲ့သည်။ ၎င်းစာရင်းတွင် မင်းသမီး အစောပတည်သာကျောက်စာသည် စာစုစာရင်း အမှတ်(၄၃၉) ဖြစ်သည်။ မင်းသမီး အစောပတည်သာသည် ရတနာသုံးပါးအား လယ်မြေများ၊ ကျွန်များ၊ ကွမ်းသီးပင်များ စသောပစ္စည်းဥစ္စာများကို ဘုရားအဖြစ်ရလို၍ လှူဒါန်းကြောင်း ရေးထိုးထားသော ကျောက်စာဖြစ်သည်ဟု ဖော်ပြထားသည်။

**နရသီဟပတေ့လက်ထက် ပုဂံ**

ပုဂံသမိုင်းတွင် တရုတ်ပြေးမင်းဟု ထင်ရှားသည့် နရသီဟပတေ့မင်း(၁၂၅၆–၁၂၈၇) ထီးနန်းစိုးစံချိန်သည် ပုဂံမပျက်မီ နောက်ဆုံးပိုင်းကာလဖြစ်သည်။ နရသီဟပတေ့မင်းသည် ကျူးကျော်သူတို့ လက်ချက်ကြောင့် နတ်ရွာမစံရဘဲ သားတော်ပြည်စားသီဟသူ၏ အဆိပ်ကြောင့် အနိစ္စရောက်ခဲ့ရသည့် ပုဂံဘုရင်ဖြစ်သည်။ နရသီဟပတေ့သည် ပုဂံမင်းဆက် ၅၅ ပါးအနက် ၅၂ ပါးမြောက် ဘုရင်ဖြစ်၍ မင်းခွေးချေးဟုလည်း ထင်ရှားခဲ့သည်။

နရသီဟပတေ့သည် မင်းသားဘဝက ခမည်းတော် ဥစ္စနာမင်း(၁၂၄၉–၁၂၅၆) ဒလသို့ ဆင်ဖမ်းရန်သွားစဉ် လိုက်ပါသွားခဲ့ရာ နောင်တော်ဖြစ်သူ သီဟသူလည်း ပါဝင်ခဲ့သည်။ ဥစ္စနာမင်းသည် ဒလ၌ နတ်ရွာစံခဲ့ပြီးနောက် သားတော်အကြီး သီဟသူက ခမည်းတော်၏ အရိုက်အရာကိုဆက်ခံခဲ့ကာ မင်းယဉ်ဟု သိရှိကြသည်။ သို့သော် သီဟသူ၏ ပုဂံဘုရင်အဖြစ် ဆက်ခံမှုသည် အချိန်အလွန်တိုတောင်းခဲ့သည်။ သီဟသူနန်းတက်ပြီး နှစ်လခန့်တွင် ရာဇသင်္ကြံဦးဆောင်သည့် အမတ်များက သီဟသူကိုနန်းချကာ နရသီဟပတေ့ကိုနန်းတင်ခဲ့သည်။

အမတ်ကြီး ရာဇသင်္ကြံသည် သီဟသူအပေါ် မကျေနပ်ချက်များရှိခဲ့သည်။ သီဟသူမင်းသားဘဝက ညီလာခံသို့ဝင်လာစဉ် အမတ်ကြီးရာဇသင်္ကြံသည် မင်းသားဝင်လာသည်ကို သတိမမူမိခဲ့သဖြင့် ဖျင်လက်ကို မသိမ်းမိခဲ့ချေ။ မင်းသားက ဖျင်လက်မသိမ်းခြင်းသည် သူ့အားမထီမဲ့မြင်ပြုသည်ဟု ယူဆကာ အမတ်ကြီးကို ကွမ်းသွေးဖြင့် ထွေးခဲ့သည်။ ကွမ်းသွေးအထွေးခံရသည့် အမတ်ကြီး ရာဇသင်္ကြံသည် သီဟသူအပေါ် အငြိုးထားခဲ့မှုသည် နရသီဟပတေ့ကို နန်းရစေခဲ့သည့် အကြောင်းတစ်ရပ်ဖြစ်စေခဲ့သည်။

နရသီဟပတေ့သည် မင်းအရည်အချင်းအားနည်းခြင်း၊ ပြည်သူများအပေါ် အုပ်ချုပ်မှုရက်စက်ခြင်းတို့ကြောင့် မှူးမတ်များနှင့် ပြည်သူများက ဘုရင်ကို မကြည်ဖြူခဲ့ပေ။ ထိုသို့ ပြည်သူများ၏ ကြောက်ရွံ့ရွံ့ရှာမှုကြောင့် ပုဂံသည် မငြိမ်မသက်ဖြစ်ခဲ့ကာ နောက်ဆုံးတွင် တရုတ်တို့ ကျူးကျော်ဝင်ရောက်လာချိန်တွင် နရသီဟပတေ့သည် အောက်ပြည်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

သမိုင်းပညာရှင် ဒေါက်တာတိုးလှက နရသီဟပတေ့သည် မင်းကောင်းတစ်ပါးမဟုတ်သော်လည်း အလွန်ဆိုးသည်ဟု စွပ်စွဲရန်ခက်ကြောင်း သုံးသပ်ခဲ့သည်။ မင်းကြီးသည် သာသနာတော်အပေါ်ယုံကြည်ကြောင်း၊ သာသနာတော်က ရခဲသဖြင့် ရတနာသုံးပါးအတွက် တံတိုင်းသုံးထပ်ကာပြီး စကြံပါရှိသော ဂူဘုရားကို တည်ခဲ့သည်။ မဟာထေရ်အတွက် ကျောင်းကြီးဆောက်လုပ်ခဲ့သည်။ သာသနာတော် အရှည်တည်တံ့စေရန် ပိဋကသုံးပုံကို ထားခဲ့သည်။ ကိုယ်တိုင်လည်း ရဟန်းပြုခဲ့ဖူးသည်။

ထို့ကြောင့် နရသီဟပတေ့မင်းလက်ထက်တွင် အခြားပုဂံဘုရင်များလက်ထက်ကကဲ့သို့ပင် ဘုရားတည်၊ ကျောင်းဆောက်အလှူဒါနပြုသူများပေါ်ထွက်ခဲ့ရာ အစောပတည်သာ အမည်ရှိမင်းသမီးသည်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

**ပုဂံခေတ် အမျိုးသမီးကျောက်စာများ**

ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများအနက် အလှူရှင် အမျိုးသမီးများရေးထိုးစိုက်ထူခဲ့သည့် ကျောက်စာများကို ယနေ့တိုင်တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံအရပ်ရပ်တွင်ရှိနေပြီး စုစည်းမိသရွေ့ မြန်မာဘာသာထိုး ကျောက်စာများအနက် ရာဇကုမာရ်ကျောက်စာကို အစောဆုံးဟု ယူဆကြသည်။

အမျိုးသမီးရေးထိုးသည့် ကျောက်စာများတွင် ထီးလိုင်မင်းသမီး ခင်အုန်အိငြိမ်းသင် ရေးထိုးခဲ့သည့် ကျောက်စာကို အစောဆုံးတွေ့ရှိရသည်။ ထိုကျောက်စာသည် သက္ကရာဇ် ၅၅၂ ခုနှစ်တွင် ရေးထိုးခဲ့သည့် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်း ၁၄ ကြောင်း ရေးထိုးထားသည်။ ခင်အုန်အိငြိမ်းသင် ကျောက်စာကို မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ဘုရားကြီးကျေးရွာရှိ မုဋ္ဌောဘုရားတွင် စိုက်ထူထားသည်။

အမျိုးသမီးများရေးထိုးစိုက်ထူခဲ့သည့် ကျောက်စာများသည် သာမန်ကျောက်စာများကဲ့သို့ပင် အလှူမှတ်တမ်းများသာဖြစ်ကြ၍ ဆုတောင်းစာ၊ ကျိန်စာများကို ထည့်သွင်းရေးထိုးခဲ့ကြသည်။ ထိုကျောက်စာများအနက် အလွန်ထူးခြားစွာ ဘုရားဆုပန်သည့် ကျောက်စာကို တစ်ချပ်သာ တွေ့ရှိရသည်။

**အစောပတည်သာကျောက်စာ**

မင်းသမီး အစောပတည်သာကျောက်စာဟု အမည်ပေးထားသည့် ကျောက်စာသည် တစ်မျက်နှာထိုး ကျောက်စာဖြစ်သည်။ ကျောက်စာအရွယ်အစားသည် အကျယ် ၅၆ စင်တီမီတာနှင့် အမြင့် ၈၄ စင်တီမီတာ၊ ဒု ၁၄ စင်တီမီတာဖြစ်၍ စာကြောင်း ၁၈ ကြောင်း ပါရှိသည်။

ကျောက်စာပထမစာကြောင်းကို အလုံးစုံသော ဘုရားရှင်အပေါင်းကို ရှိခိုးပါ၏ဟု အဓိပ္ပာယ်ရှိသည့် ပါဠိဘာသာစကားဖြင့် စတင်ရေးထိုးသည်။ ထို့နောက် သက္ကရာဇ် ၆၃၈ ခုနှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် မင်းသမီးအစောပတည်သာသည် မြတ်သောသခင်မင်းကြီးကို အာမနာအရပ်၌ ကျောင်းမြေနေရာပန်၍ သခင်အနန္တပညာအတွက် ကျောင်းဆောက်လုပ်ကြောင်း ရေးထိုးထားသည်။

❖ မင်းသမီး အစောပတည်သာသည် သူပြုသည့် အလှူ၏ရည်ရွယ်ချက်ကို "ဤမျှလောက်သော ဥစ္စာကိုကား ငါမချစ်၍ လှူသည်ကားမဟုတ်၊ ဤဥစ္စာကို ချစ်သောထက်ကား ဘုရားအဖြစ်ကို ချစ်မြတ်စွာရကား ငါလှူသတည်း" ဟု ဖော်ပြထားသည်။ မိမိ၏အလှူကောင်းမှုအကျိုးကို မြတ်သောသခင်မင်းကြီးအစပြုသော အမတ်ခပ်သိမ်း၊ မိဖုရားအစပြုသော မောင်းမခပ်သိမ်းနှင့် သတ္တဝါခပ်သိမ်းရစေသတည်းဟု အမျှပေးဝေခဲ့သည်။ ❖

စာမျက်နှာ ၅ သို့ á

## ၂၀၂၄ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## စိတ်ကောင်းထားမှ ချမ်းသာရ

– စိတ်သန္တာန် ဖြူစင်ဖွေး
တူယှဉ်တွေး နှိုင်းကာပင်၊
ကိုယ်ချင်းစာ တရားအသိကိုဖြင့်
ထားရှိစေချင်၊
စိတ်ညှံ့တို့ ဖယ်ကာနှင်
တွယ်တာလျှင် ပျက်စီး၊
မေတ္တာကို နှလုံးသွင်းပါမှ
ကွေ့ကွင်းလောင်မီး။

– ကြုံလေရာ ဘဝခရီး
သတိကြီးလို့ နေထိုင်ပါ၊
လောကအလယ် စိတ်ကောင်းထားမှ
မိတ်အပေါင်းများမှာ၊
မစ္ဆရိယ ရှောင်ကြဉ်ကာ
ရောင်စဉ်ဖြာ အလင်းပေး၊
မြတ်ကုသိုလ် အစဉ်ခြယ်သလို့
ချမ်းမြကြည်အေး။

– ကိုယ့်သမိုင်းကို ကိုယ်သာရေး
ချိုသာတေး ပျံ့လွင့်စေ၊
အကုသိုလ် အမုန်းမီးတို့
ပြုန်းတီးကာပေ၊
မေတ္တာပန်းတို့ ပွင့်ကာလေ
တင့်ဖြာဝေ ထာဝရ၊
စိတ်ထားဖြူစင် ရင်ဝယ်မြန်းရင်ဖြင့်
ချမ်းသာသုခ။ ။

ပိုင်ဆု(ပညာရေး)

## ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၆၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၆၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် နေကြာ ၄၈၄၈၂ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၈၄၆၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း နေကြာ ၄၈၄၈၂ ကေ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၄၈၄၆၉ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ကေ ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေး ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။ (၂၀၆)

## ပန်းတနော်မြို့နယ် ကျွန်းတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပန်းတနော် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆုတောင်းပြည့် ကျေးရွာအုပ်စု ကျွန်းတောစုကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျွန်းတောစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၃၀၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ်၇၅သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို ရန်ပုံ ငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ငြိမ်းသူ(စလင်း)

á စာမျက်နှာ ၄ မှအဆက်

ကျောက်စာရေးထိုးသည့် မြန်မာသက္ကရာဇ်ကို ခရစ်နှစ်နှင့် ဖလှယ်လျှင် ၁၂၇၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်ဖြစ်သည်။ ကျောက်စာတွင် အင်္ဂါနေ့ဟုရေးထိုးထားသော်လည်း အင်္ဂလိပ်-မြန်မာ နှစ် ၁၅၀၀ ပြက္ခဒိန်တွင် ကြာသပတေးနေ့ဟုပြဆိုသဖြင့် ကွဲလွဲနေကြောင်း တွေ့ရှိရသည်။

ထိုကျောင်းတွင်ရှိသော ရတနာသုံးပါးအား လှူသော လယ်နှင့်ကျွန်များစာရင်းကို ဆက်လက်ရေးထိုးထားရာ လယ်စာရင်းတွင် ပြုလယ် ၁၀၀ ဟု ပါရှိခြင်းသည် ပျူလူမျိုးများနှင့် ဆက်စပ်မှု ရှိ၊ မရှိ စိတ်ဝင်စားဖွယ်ဖြစ်သည်။ မင်းသမီးလှူခဲ့သည့် လယ်မြေစုစုပေါင်းသည် ကျောက်စာရေးကူးထားသည့် ကိန်းဂဏန်းများကိုပေါင်းလျှင် ၂၇၀၆ ပယ်၊ ကွမ်းခြံဥယျာဉ်တစ်ခုနှင့် ကြံမြေ ပယ် ၁၁၀၀ ဖြစ်သည်။ ကျွန်က ၁၄၉ ဦးဖြစ်သည်။ သို့သော်ကျောက်စာတွင် လယ်မြေ ၁၃၆၆ ပယ်ဟု ရေးထိုးထားသဖြင့် ကျောက်စာကူးချိန်တွင် ကွဲလွဲမှုတစ်ခုခုရှိနိုင်ကြောင်း ယူဆရပေသည်။

မင်းသမီး အစောပတည်သာသည် သူပြုသည့် အလှူ၏ရည်ရွယ်ချက်ကို "ဤမျှလောက်သော ဥစ္စာကိုကား ငါမချစ်၍ လှူသည်ကားမဟုတ်၊ ဤဥစ္စာကို ချစ်သောထက်ကား ဘုရားအဖြစ်ကို ချစ်မြတ်စွာရကား ငါလှူသတည်း"ဟု ဖော်ပြထားသည်။

မိမိ၏အလှူကောင်းမှုအကျိုးကို မြတ်သောသခင်မင်းကြီး အစပြုသော အမတ်ခပ်သိမ်း၊ မိဖုရား အစပြုသော မောင်းမခပ်သိမ်းနှင့် သတ္တဝါ ခပ်သိမ်းရစေသတည်းဟု အမျှပေးဝေခဲ့သည်။

သူလှူသောကောင်းမှုကို ကူညီစောင်မသူသည် ဘုရားနှုတ်တော်ဖြင့် မဟောနိုင်သော ကျောင်းအကျိုးကို ငါနှင့်အတူရပါစေဟုလည်းကောင်း၊ ဖျက်ဆီးသူကား ဘုရားအဆူဆူကိုမဖူးရဘဲ အဝီစိငရဲတွင် ကျက်စေသတည်းဟုလည်းကောင်း ကျိန်ဆိုကာ ကျောက်စာကို အဆုံးသတ်ထားသည်။

လွန်ခဲ့သည့် နှစ် ၇၅၀ က ရေးထိုးခဲ့သည့် မင်းသမီးအစောပတည်သာ ကျောက်စာသည် သာမန်အလှူကျောက် စာမှတ်တမ်းတစ်ခုပင်ဖြစ်သော်လည်း အမျိုးသမီးတစ်ဦးက ဘုရားဆုကိုပန်သည့် ထူးခြားသော ကျောက်စာတစ်ချပ်အဖြစ် စိတ်ဝင်စားဖွယ်ကောင်းခဲ့ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- ရှေးဟောင်းမြန်မာကျောက်စာများ(တတိယတွဲ)(ဦးငြိမ်းမောင်)
- ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း(ဒေါက်တာတိုးလှ)
- ပုဂံသုတေသန လမ်းညွှန်(ဦးဗိုကေ)
- Inventory of Monuments at Pagan Vol. 2 (PIERRE PICHARD)

## နိုင်ငံတကာ သတင်းများ

# အမေရိကန်သမ္မတနှင့် ဘရာဇီးသမ္မတတို့ ဖုန်းခေါ်ဆိုဆွေးနွေး



**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၇**

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ဇန်နဝါရီ ၂၆ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြောင်း ဘရာဇီးသမ္မတရုံးကသတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မိနစ် ၅၀ ကြာမြင့်ခဲ့သည့် အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် သမ္မတ လူလာဒါဆေးလ်ဗားနှင့် သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ဗင်နီဇွဲလားပြဿနာ၊ အုပ်စုဖွဲ့ ရာဇဝတ်မှုများပြဿနာနှင့် သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်းမှုအစီအစဉ် အပါအဝင် အကြောင်းအရာအမျိုးမျိုး ဆွေးနွေးခဲ့ကြကြောင်း ဘရာဇီးသမ္မတရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၂၆ ရက် ဖုန်းခေါ်ဆို ဆွေးနွေးပွဲတွင် မကြာမီကာလအတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့လာရောက်ရန် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက သဘောတူထားသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ဗင်နီဇွဲလားနိုင်ငံကို အမေရိကန် တပ်မတော်က စစ်ရေးအရ တိုက်ခိုက်၍ သမ္မတ မာဒူရိုကို ဖမ်းဆီးထိန်းသိမ်းခဲ့မှုကို ဝေဖန်ထားသူဖြစ်သည်။

ဗင်နီဇွဲလားကို စစ်ရေးအရ တိုက်ခိုက်၍ သမ္မတမာဒူရိုကို ဖမ်းဆီးထိန်းသိမ်းခဲ့မှုမှာ လက်သင့်ခံ၍မရနိုင်သော စည်းကမ်းချိုးဖောက်မှု တစ်ခုဖြစ်ကြောင်း ဘရာဇီးသမ္မတက ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်းဦးဆောင်သည့် ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့၌ ပါဝင်ရန် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားကို ဖိတ်ကြားထားပြီး အဆိုပါဖိတ်ကြားချက်ကို သမ္မတ လူလာဒါဆေးလ်ဗားက လက်ခံထားခြင်း ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# ဗြိတိန်ဝန်ကြီးချုပ် သုံးရက်ကြာ တရုတ်နိုင်ငံခရီးစဉ် စတင်



**လန်ဒန် ဇန်နဝါရီ ၂၇**

တရုတ်- ဗြိတိန် ဆက်ဆံရေး ပြန်လည် မြှင့်တင်ရန်အတွက် ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာသည် ၎င်း၏ တရုတ်နိုင်ငံခရီးစဉ်ကို ယနေ့တွင် စတင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါခရီးစဉ်သည် ဗြိတိန် ခေါင်းဆောင်တစ်ဦး၏ ရှစ်နှစ်တာကာလအတွင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်ဖြစ်သည်။

ဂရင်းလန်းကျွန်း ပြဿနာနှင့်ပတ်သက်၍ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေး မကျေမလည် ဖြစ်နေချိန်တွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် ဗြိတိန်ဝန်ကြီးချုပ်က စီစဉ်ခဲ့ခြင်းဖြစ်သည်။

သုံးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်အတွင်း ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာသည် ပေကျင်းမြို့၌ တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ်၏ တရုတ်နိုင်ငံခရီးစဉ်တွင် ဗြိတိန် စီးပွားရေးလုပ်ငန်းအကြီးအကဲ အများအပြားလည်း လိုက်ပါသွားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာသည် ၂၀၂၄ ခုနှစ်တွင် ဗြိတိန်ဝန်ကြီးချုပ်ရာထူး ရယူခဲ့ပြီးနောက်ပိုင်း ဗြိတိန်နှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးကို မြှင့်တင်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက် အပြီးသတ်ရယူ

**ဒေလီ ဇန်နဝါရီ ၂၇**

အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အနေဖြင့် နှစ်ဖက် စီးပွားရေးနှင့် မဟာဗျူဟာ ဆက်ဆံရေးတို့ကို မြှင့်တင်ပေးနိုင်မည့် လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက် တစ်ရပ်ရယူနိုင်ခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လူဦးရေ နှစ်ဘီလီယံကျော် အကျုံးဝင်မည့် အဆိုပါ လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်ကို နှစ်ပေါင်း ၂၀ နီးပါးကြာ ဆွေးနွေးခဲ့ပြီးနောက် အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့က ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အနေဖြင့် အမေရိကန်အစိုးရ၏ အခွန်စည်းကြပ်မှုများနှင့် ရင်ဆိုင်နေရချိန်တွင် လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက် တစ်ရပ် အပြီးသတ် ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။



တစ်ကမ္ဘာလုံး စုစုပေါင်း စီးပွားရေးထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၂၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် အိန္ဒိယ- ဥရောပသမဂ္ဂ လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်သည် နှစ်ဖက်ပြည်သူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂနှင့် အိန္ဒိယတို့အကြား နှစ်စဉ် အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၅ ဘီလီယံထိ ရှိသည်။

အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် နှစ်စဉ် အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးကို ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ထိ မြှင့်တင်ရန် အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့က ရည်ရွယ်ထားကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# ဘလစ်စတစ်ဒုံးကျည်တစ်စင်း မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်

**ဆိုးလ် ဇန်နဝါရီ ၂၇**

ဘလစ်စတစ်ဒုံးကျည်တစ်စင်းဟုယူဆရသော ဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားနိုင်ငံက ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်း ပင်လယ်ရေပြင်အတွင်းသို့ စမ်းသပ် ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော်က သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံ၏ အဆိုပါ ဘလစ်စတစ်ဒုံးကျည် စမ်းသပ်မှုကို ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနကလည်း အတည်ပြုထားသည်။

မောင်းသူမဲ့ ဒရုန်းယာဉ်များ နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှု ပြဿနာနှင့်ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေး တင်းမာနေချိန်တွင် မြောက်ကိုရီးယားနိုင်ငံက ဘလစ်စတစ်ဒုံးကျည် စမ်းသပ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာလနှင့် ယခုနှစ် ဇန်နဝါရီလတို့တွင် တောင်ကိုရီးယား မောင်းသူမဲ့ ဒရုန်းယာဉ်များ လေပိုင်နက် ချိုးဖောက် ဝင်ရောက်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရက စွပ်စွဲထားသည်။

သို့ရာတွင် အဆိုပါ ကာလအပိုင်းအခြားအတွင်း တောင်ကိုရီးယား တပ်မတော်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအနီး မည်သည့် မောင်းသူမဲ့ဒရုန်းယာဉ်ကိုမျှ ပျံသန်းခြင်းမရှိခဲ့ကြောင်း တောင်ကိုရီးယားအစိုးရက ပြောကြားထားသည်။

ယခုလ အစောပိုင်းကလည်း မြောက်ကိုရီးယားနိုင်ငံသည် အသံထက် မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ် ဒုံးကျည်စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေးဥပဒေကြမ်း ပြင်သစ်အောက်လွှတ်တော်အတည်ပြု

**ပဲရစ် ဇန်နဝါရီ ၂၇**

အသက် ၁၅ နှစ်အောက် ကလေးများ လူမှုမီဒီယာ သုံးစွဲမှုပိတ်ပင်ရေး ဥပဒေကြမ်းကို ပြင်သစ်အောက်လွှတ်တော်က ယနေ့တွင် မဲခွဲအတည်ပြုခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပြင်သစ် အောက်လွှတ်တော် အမတ်များသည် အဆိုပါ ဥပဒေကြမ်းကို ဇန်နဝါရီ ၂၆ ရက်တွင် ဆွေးနွေးခဲ့ပြီး ယနေ့တွင် ထောက်ခံမဲ ၁၃၀၊ ကန့်ကွက်မဲ ၂၁ မဲဖြင့် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေး ဥပဒေကြမ်းကို ပြင်သစ်အောက်လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့မှုကို ပြင်သစ်ကလေးများ၊ ဆယ်ကျော်သက်များကို လူမှုမီဒီယာ ဆိုးကျိုးများမှ အကာအကွယ်ပေးရေးအတွက် အရေးကြီးသည့် ခြေလှမ်းဖြစ်ကြောင်း ပြင်သစ်သမ္မတမက်ခရွန်က ပြောကြားထားသည်။

လူမှုမီဒီယာသုံးစွဲမှု၏ စိတ်ပိုင်း၊ ရုပ်ပိုင်း ကျန်းမာရေးဆိုးကျိုး သက်ရောက်မှုများမှ ကလေးများကို ကာကွယ်ပေးနိုင်ရေးအတွက် အဆိုပါဥပဒေကြမ်းကို ပြင်သစ်အစိုးရက လွှတ်တော်သို့ တင်သွင်းထားခြင်းဖြစ်သည်။

အဆိုပါဥပဒေကြမ်းကို ပြင်သစ်အထက်လွှတ်တော်က အတည်ပြုပေးပြီးနောက်ပိုင်း ဥပဒေအဖြစ် တရားဝင်ပြဋ္ဌာန်းနိုင်မည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲခွင့်ဥပဒေ စတင်ပြဋ္ဌာန်းခဲ့ပြီးနောက် ပြင်သစ်နိုင်ငံကလည်း အလားတူဥပဒေမျိုး ပြဋ္ဌာန်းရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## မြေအောက်လျှောင်တိုင်းတာရေးစနစ်ကွန်ရက်များက ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာသော ဂြိုဟ်တုဟောင်းများကို ခြေရာခံထောက်လှမ်းပေးနိုင်



**ဝါရှင်တန် ဇန်နဝါရီ ၂၇**

မြေအောက်လျှောင် တိုင်းတာရေးစနစ်ကွန်ရက်များသည်ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာသော ဂြိုဟ်တုဟောင်းများကို ခြေရာခံထောက်လှမ်းပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ၂၀၂၅ ခုနှစ် ဧပြီလအတွင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် လေထုလွှာအတွင်း ဝင်ရောက်ခဲ့သော တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၅ ဂြိုဟ်တုအကြွင်းအကျန်များကို ခြေရာခံရေးအတွက် လျှောင်တိုင်းတာရေးစနစ်သတင်းအချက်အလက်များကို လေ့လာခဲ့ကြပြီး လေ့လာချက်ရလဒ်များအရ လျှောင်တိုင်းတာရေးစနစ်များသည် လေထုလွှာအတွင်း ဝင်ရောက်လာသည့် ရှန်ကျိုး-၁၅ ဂြိုဟ်တုအစိတ်အပိုင်းများကြောင့် ပေါ်ထွက်လာသော တုန်ခါလှိုင်းများကို မှတ်တမ်းတင်နိုင်ခဲ့သည်။

မိမိတို့၏တွေ့ရှိချက်အရ လျှောင်တိုင်းတာရေးစနစ်များက မှတ်တမ်းတင်ထားသည့် တုန်ခါလှိုင်းများသည် ဂြိုဟ်တုအစိတ်အပိုင်းများ၏ လမ်းကြောင်းကို ပြသနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## လူသားများကို အင်္ဂါဂြိုဟ်ပေါ်သို့ ပို့ဆောင်ပေးနိုင်မည့် ဒုံးအင်ဂျင်တစ်မျိုးကို ရုရှားသိပ္ပံပညာရှင်များ စမ်းသပ်နေ

**မော်စကို ဇန်နဝါရီ ၂၇**

လူသားများကို အင်္ဂါဂြိုဟ်ပေါ်သို့ ရက်ပေါင်း ၃၀ အတွင်း ပို့ဆောင်ပေးနိုင်မည့် ဒုံးအင်ဂျင်တစ်မျိုးကို ရုရှားသိပ္ပံပညာရှင်များက စမ်းသပ်နေကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။


အဆိုပါပလပ်စမာဒုံးကန်အားစနစ်သည် အာကာသယာဉ်များ အင်္ဂါဂြိုဟ်ပေါ်သို့ ရောက်ရှိရန်သွားရောက်ရမည့် အချိန်ကာလကို လျှော့ချပေးနိုင်ကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ ပလပ်စမာဒုံးကန်အားစနစ်ကို ရုရှားအစိုးရ ရိုဆာတမ်နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်းက တည်ဆောက်ထားခြင်းဖြစ်သည်။

လက်ရှိတွင် ရုရှားသိပ္ပံပညာရှင်များသည် ယခင်ဒုံးကန်အားစနစ်ကို မြေပြင်စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်ပြီး အဆိုပါဒုံးကန်အားစနစ်သည် လျှပ်စစ်ဓာတ်အောင် ဟိုက်ဒရိုဂျင်အက်တမ်များကို တစ်စက္ကန့်လျှင် ကီလိုမီတာ ၁၀၀ ထိ အရှိန်ပေးနိုင်ရေးအတွက် လျှပ်စစ်သံလိုက်စက်ကွင်းများကို အသုံးချထားကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ပလပ်စမာဒုံးကန်အားစနစ်သစ်ကို ၂၀၃၀ ပြည့်နှစ်တွင် လက်တွေ့အသုံးချနိုင်ရန် ရုရှား သိပ္ပံပညာရှင်များက ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၅ စင်းကို စပေ့စ်အိတ်ကုမ္ပဏီက ဇန်နဝါရီ ၂၆ ရက်တွင် လွှတ်တင်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၅ စင်းကို ဇန်နဝါရီ ၂၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တုများကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှ တစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့် ပင်မဒုံးယာဉ်မှာ ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၆ ရက် မစ်ရှင်သည် ဖယ်လ်ကွန်-၉ ဒုံးပျံ ပင်မဒုံးယာဉ်များ၏ ၅၆၃ ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်တွင် ဂြိုဟ်တုအစင်းပေါင်း ၉၅၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ရေယုန်ကြီးရောဂါကာကွယ်ဆေးက သက်ကြီးပိုင်းများ အသက်ရှည်ရှည်နေနိုင်ရေးအတွက် အထောက်အကူပြု

**နယူးယောက် ဇန်နဝါရီ ၂၇**

ရေယုန်ကြီးရောဂါ (Shingles) ကာကွယ်ဆေးများသည် သက်ကြီးပိုင်းများ အသက်ရှည်ရှည်နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇန်နဝါရီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူတို့၏ဇီဝသက်တမ်းအိုမင်းမှုအပေါ် ရေယုန်ကြီးရောဂါကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုကို လေ့လာရေးအတွက် အသက် ၇၀ အထက် သက်ကြီးပိုင်း ၃၈၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ရေယုန်ကြီးရောဂါကာကွယ်ဆေးထိုးနှံထားသူများ၏ ဇီဝသက်တမ်းအိုမင်းမှုမှာ ရေယုန်ကြီးရောဂါကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသူများထက် ပို၍ နှေးကွေးသည်ကို တွေ့ရသည်။

ထို့ပြင် ရေယုန်ကြီးရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများသည် ထိုးနှံထားခြင်းမရှိသူများနှင့် နှိုင်းယှဉ်ပါက ရောင်ရမ်းမှုအပါအဝင် ဇီဝလက္ခဏာများလည်း လျော့ပါးလာကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အထက်ပါ လေ့လာတွေ့ရှိချက်များအရ ရေယုန်ကြီးရောဂါ ကာကွယ်ဆေးများသည် ဇီဝသက်တမ်းအိုမင်းမှုအရှိန်ကို ထိန်းချုပ်ပေးခြင်းဖြင့် သက်ကြီးပိုင်းများ၏ ကျန်းမာရေးကို အထောက်အကူပြုကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## လေထုညစ်ညမ်းမှုပြဿနာကြောင့် အမျိုးသားများ ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**လန်ဒန် ဇန်နဝါရီ ၂၇**

လေထုညစ်ညမ်းမှုပြဿနာကြီးမားသော မြို့တော်များ၌ နေထိုင်ကြရသည့် အမျိုးသားများ၌ ဆီးကျိတ်ကင်ဆာရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ဗြိတိန်နိုင်ငံ၌ နေထိုင်သူ အမျိုးသားဦးရေ ၁၂၀၀၀၀ တို့၏ ကျန်းမာရေး အချက်အလက်များကိုလေ့လာခဲ့ကြရာ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ပြင်းထန်သော လေထုညစ်ညမ်းမှုနှင့်ထိတွေ့နေရသူ အမျိုးသားများ၌ အသက်ရလာချိန်တွင် ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၆ ဒသမ ၉ ရာခိုင်နှုန်း ပို၍ မြင့်မားသည်ကို တွေ့ရသည်။

ထို့ပြင် လေထုလွှာညစ်ညမ်းမှုအဆင့် မြင့်မားလာလေလေ ဆီးကျိတ်ကင်ဆာ ဖြစ်နိုင်ခြေမှာလည်း ပို၍မြင့်တက်လာလေလေ ဖြစ်ကြောင်း သုတေသနပညာရှင်များက အသိပေးထားသည်။

အထူးသဖြင့် မော်တော်ယာဉ်အိတ်ဇောများမှ ပေါ်ထွက်လာသည့်နိုက်ထရိုဂျင်သည် အမျိုးသားများ ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာရမှု၏ အဓိကအကြောင်းတရား ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

နိုက်ထရိုဂျင်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သော နိုက်ထရိုဂျင်ဓာတ်သည် ကင်ဆာဆဲလ်များ ကြီးထွားမှုကို အားပေးတတ်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘိုင်ယန်မြူးနစ်အသင်းက ဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးနေ

ဘာလင် ဇန်နဝါရီ ၂၇

ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်မှူးဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်ဆွေးနွေးနေကြောင်း အသင်း၏ အားကစားဒါရိုက်တာ မက်စ်ဘာလ်က အတည်ပြုပြောကြားခဲ့သည်ဟု Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၂ နှစ်ရှိ အင်္ဂလန်လက်ရွေးစင်တိုက်စစ်မှူး ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် စပါးအသင်းမှ ပြောင်းရွှေ့ကြေးယူရိုသန်း ၁၀၀ ဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့သူဖြစ်ပြီး လေးနှစ်စာချုပ် ချုပ်ဆိုထားကာ ၂၀၂၇ ခုနှစ် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂၆ ပွဲတွင် သွင်းဂိုး ၁၁၉ ဂိုးနှင့် ဂိုးဖန်တီးမှုအကြိမ် ၃၀ ပြုလုပ်ထားကာ ကစားသမားဘဝ ပထမဆုံး ဆုဖလားအဖြစ် ၂၀၂၄-၂၀၂၅ ခုနှစ် ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်လီဂါဖလားချန်ပီယံဆုကို ဆွတ်ခူးထားသည်။

ထို့ပြင် ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲစုံပွဲ ၃၀ တွင် သွင်းဂိုး ၃၄ ဂိုး သွင်းယူထားပြီး ဘွန်ဒက်လီဂါပြိုင်ပွဲ ၁၉ ပွဲတွင်လည်း သွင်းဂိုး၂၁ ဂိုးထိ သွင်းယူထားသည်။

ဘိုင်ယန်မြူးနစ် အသင်းအားကစားဒါရိုက်တာ မက်စ်ဘာလ်က "အသင်းနဲ့ တိုက်စစ်မှူးဟယ်ရီကိန်းတို့ စာချုပ်သစ်အတွက် ဆွေးနွေးနေကြပါပြီ။ ဒါပြီးရင် သူ့အနေနဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လာပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML



# မန်ယူအသင်းမှ ဒေါ်ဂူ တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တ ၁၀ ပတ်ခန့် အနားယူရမည်

မန်ချက်စတာ ဇန်နဝါရီ ၂၇

မန်ယူအသင်းအဓိက တောင်ပံကစားသမား ဒေါ်ဂူသည် အာဆင်နယ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင်ရရှိခဲ့သည့် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တ ၁၀ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းက အာဆင်နယ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဒေါ်ဂူသည် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် ၈၁ မိနစ်တွင် တံကောက်ကြောဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရသည်။

ဒေါ်ဂူ၏ဒဏ်ရာနှင့်ပတ်သက်၍ အသေးစိတ် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ရာ ဒဏ်ရာမှာပြင်းထန်နေသည့်အတွက် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် ရက်သတ္တ ၁၀ ပတ်ခန့် ကာလရှည်အနားယူရမည်ဖြစ်သည်။

ဒေါ်ဂူသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသထားကာ ပြီးခဲ့သည့် မန်စီးတီးအသင်း၊ အာဆင်နယ်အသင်းတို့နှင့်ကစားခဲ့သည့်ပွဲစဉ်များတွင် နှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည်ထိ ခြေစွမ်းပြသခဲ့သူဖြစ်သည်။

ဒေါ်ဂူသည် ဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သည့်အတွက် မန်ယူအသင်းနှင့်အတူ ရှစ်ပွဲခန့် လွဲချော်ဖွယ်ရှိနေသည့်အပြင် ဒိန်းမတ်အသင်းနှင့်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရှုံးထွက်ပွဲစဉ်များကိုပါ လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# Dubai Desert Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ပက်ထရစ်ရိဒ်က ဆွတ်ခူး

ဒူဘိုင်း ဇန်နဝါရီ ၂၇

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပခဲ့သော Dubai Desert Classic ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ရိဒ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




အင်္ဂလန် ဂေါက်သီးရိုက်ကစားသမားဆူလီဗန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ဂွါရီယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့ကြသည်။

LIV Golf အဖွဲ့ချုပ်၏ စည်းမျဉ်းအသစ်ပြောင်းလဲမှုကြောင့် ကစားသမားများကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်အတွင်း ပြန်လည်သတ်မှတ်ပေးခဲ့ပြီး အဆိုပါစည်းမျဉ်းအသစ်ကြောင့် နောက်ဆုံး ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ပက်ထရစ်ရိဒ်က ကမ္ဘာ့အဆင့်(၃၀) အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

ပက်ထရစ်ရိဒ်က "ရာသီသစ်ကို အောင်မြင်မှုနဲ့ စတင်နိုင်ခဲ့ခြင်းဟာ သိပ်ကောင်းတဲ့လက္ခဏာပါ။ ဒီအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရင် ဒီရာသီအတွင်း အောင်မြင်မှုတွေ ဆက်လက်ဆွတ်ခူးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမဲ့လဲ ပြိုင်ပွဲအတွင်းမှာ အားနည်းချက်လေးတွေတော့ရှိခဲ့ပါတယ်။ အထူးသဖြင့် နောက်ဆုံးနေ့မှာ အမှားအယွင်းတွေ ရှိခဲ့ပြီး သတ်မှတ်ရိုက်ချက်အတိုင်းပဲ ရိုက်နိုင်ခဲ့ပါတယ်။ အစောပိုင်းနေ့တွေမှာ အကောင်းဆုံးရလဒ်တွေ ရရှိထားခဲ့တဲ့အတွက်ကြောင့် အခုလိုချန်ပီယံဖြစ်ခွင့်ရခဲ့တာပါ။ အခုဆိုရင် ဒီအောင်မြင်မှုကြောင့် ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၃၀) အတွင်းကို ပြန်လည်ဝင်ရောက်ခွင့်ရခဲ့ပြီလဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

# လီဗာပူးအသင်းက နည်းပြသစ်ခန့်အပ်ရန် ကစားသမားဟောင်း နည်းပြဂျရက်နှင့် ဆွေးနွေးမှုများ လုပ်ဆောင်နေ

လန်ဒန် ဇန်နဝါရီ ၂၇

နည်းပြ အပြောင်းအလဲ လုပ်ဆောင်ရန် ပြင်ဆင်နေသည့် လီဗာပူးအသင်းသည် နည်းပြသစ်အဖြစ် ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် နည်းပြဂျရက်ကို ခန့်အပ်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် နည်းပြစလော့လက်အောက်တွင် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ မတည်မငြိမ်ဖြစ်နေပြီး နောက်ဆုံးကစားခဲ့သည့်ဘုန်းမောက်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် စတင်ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၄၅နှစ်ရှိ ဂျရက်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝက လီဗာပူးအသင်းတွင် ၁၉၉၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ကာလရှည် ကစားခဲ့သူဖြစ်ပြီး ကစားသမားဘဝ အနားယူခဲ့ပြီးနောက်ပိုင်း လီဗာပူး လူငယ်အသင်းများကို တာဝန်ယူကိုင်တွယ်ကာ နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့သူဖြစ်သည်။

ထို့နောက် နည်းပြဂျရက်သည် ရိန်းဂျားအသင်း၊ အေဗီလာအသင်း၊ အယ်လ်အီတီဖက်အသင်း စသည့် အသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလက အယ်လ်အီတီဖက် အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူ ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : STA

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကိုကိုဂတ်ဖ်ကို စဗစ်တိုလီနာက အနိုင်ရ

မဲလ်ဘုန်း ဇန်နဝါရီ ၂၇

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာတို့ ယှဉ်ပြိုင်ခဲ့ရာ စဗစ်တိုလီနာက(၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၂၁ နှစ်ရှိ ကိုကိုဂတ်ဖ်သည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားများစာရင်းတွင် ပါဝင်နေပြီး ကွာတားဖိုင်နယ်အဆင့်ထိ အကောင်းဆုံးပုံစံဖြင့် တက်ရောက်လာသူဖြစ်သည်။

သို့သော် ကွာတားဖိုင်နယ်အဆင့်တွင် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး Double Fault ကို ငါးကြိမ်ထိ ကျူးလွန်ခဲ့သည့်အတွက် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

စဗစ်တိုလီနာ အနေဖြင့် အကောင်းဆုံး လက်စွမ်းပြသခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ကို အကောင်းဆုံးပုံစံဖြင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

စဗစ်တိုလီနာက "လက်ရှိ ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲမှာ ကစားထားနိုင်တဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ နှစ်တိုင်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရဖို့က ကျွန်မရဲ့အိပ်မက်ပါ။ ကမ္ဘာ့အဆင့်(၁၀)အတွင်း ဝင်ရောက်နိုင်ဖို့ကလဲ ကျွန်မရဲ့ ရည်မှန်းချက်ဖြစ်သလို ကျွန်မရဲ့ အိပ်မက်လဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကိုကိုဂတ်ဖ် ရှုံးနိမ့်ခဲ့ခြင်းနှင့်ပတ်သက်ပြီး နည်းပြအဖွဲ့မှ အကြံပေးဖြစ်သူ တင်မ်ဟန်မန်းက "ကျွန်တော်တို့အသင်းအတွက် ကံမကောင်းတဲ့ နေ့တစ်နေ့ပါ။ ကိုကိုဂတ်ဖ်ဟာ ဂရန်းစလန်းချန်ပီယံ တစ်ယောက်ဖြစ်သလို ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၊ ယူအက်စ်အိုးပင်းတင်းနစ် ပြိုင်ပွဲတို့မှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူလဲဖြစ်တယ်။ လက်ရှိ ကမ္ဘာ့အဆင့်(၃) နေရာမှာ ရပ်တည်နေသူလဲဖြစ်ပါတယ်။ ဒါပေမဲ့လဲ ကွာတားဖိုင်နယ်အဆင့်မှာ ကစားခဲ့တဲ့စွမ်းဆောင်ရည်ကိုတော့ အံ့အားသင့်ရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရောဝတီအက်ဖ်စီအသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရ



**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ရှိ ဗဟန်း လေ့ကျင့်ရေးကွင်း-၁တွင် ရောဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် သုံးမိနစ်တွင် ဝင်းဝင်းက ရောဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင် နန်းဘေယေးက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သော်လည်း ပွဲချိန် ၃၄ မိနစ်တွင် စန်းသော်သော်က ရောဝတီအက်ဖ်စီအသင်းအတွက် ဒုတိယမြောက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရောဝတီအက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်း ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၈၁ မိနစ်တွင် စန္ဒာအောင်က ရှမ်းယူနိုက်တက် အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၈၉ မိနစ်တွင် ဂျိမ်းယူဘီအီးက ရောဝတီအက်ဖ်စီအသင်းအတွက် တတိယမြောက်ဦးဆောင်ဂိုးသွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရောဝတီအက်ဖ်စီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို ရောဝတီအက်ဖ်စီအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသခဲ့သည့် ဖြူဖြူဝင်းက ဆွတ်ခူးခဲ့ကြောင်း သိရသည်။ STA

# ဂျူဗင်တပ်အသင်းမှ ဒေါက်ဂလက်လူးဝစ် အေဗီလာအသင်းသို့ ပြန်လည်ပြောင်းရွှေ့

**လန်ဒန် ဇန်နဝါရီ ၂၇**

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဒေါက်ဂလက်လူးဝစ်သည် အသင်းဟောင်း အေဗီလာအသင်းသို့ ယခုနှစ် ဘောလုံးရာသီအကုန်ထိ အငှားစာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒေါက်ဂလက်လူးဝစ်သည် ၂၀၁၉ ခုနှစ်မှ ၂၀၂၄ခုနှစ်ထိ အေဗီလာအသင်းတွင် ကစားခဲ့ပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်က ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဒေါက်ဂလက်လူးဝစ်သည် ဂျူဗင်တပ်အသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသဖြင့် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဂျူဗင်တပ်အသင်းမှ နော်တင်ဟမ်အသင်းထံ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သည်။

အေဗီလာအသင်းက အသင်းကွင်းလယ်ပိုင်းအင်အားဖြည့်တင်းလိုသည့်အတွက် ပြီးခဲ့သည့်ရက်ပိုင်းက ဒေါက်ဂလက်လူးဝစ်ကို အငှားစာချုပ်ဖြင့် အသင်းထံပြန်လည်ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ ယခုနှစ်ဘောလုံးရာသီအကုန်ထိ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဒေါက်ဂလက်လူးဝစ်သည် အေဗီလာအသင်းနှင့်အတူ ငါးရာသီအတွင်း ပြိုင်ပွဲစုံ ၂၀၆ ပွဲထိ ပါဝင်ကစားခဲ့ကာ ၂၂ ဂိုး သွင်းယူခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**



# စပါးအသင်းက လာမည့်ပွဲစဉ်လေးပွဲတွင် ရလဒ်မကောင်းခဲ့ပါက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်

**လန်ဒန် ဇန်နဝါရီ ၂၇**

စပါးအသင်းက လာမည့်ပွဲစဉ်လေးပွဲတွင် ရလဒ်များ ကောင်းမွန်ခြင်းမရှိပါက လက်ရှိ နည်းပြဖရန့်ကိုထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်များဆက်တိုက်ဆိုးရွားခဲ့သည့်အတွက် ရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီး နည်းပြသစ်အဖြစ် ဘရန့်ဖို့ဒ်အသင်းနည်းပြဖရန့်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းသည် နည်းပြဖရန့်လက်အောက်၌ ရလဒ်များမတည်မငြိမ်ဖြစ်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်သာ ရလဒ်ကောင်းမွန်နေပြီး ၁၆ သင်း ရှုံးထွက်အဆင့်တက်ရောက်နိုင်ရန် နီးစပ်နေသော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေခြင်းဖြစ်သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ပဲလေ့စ်အသင်းကို အနိုင်ရခဲ့ပြီးနောက် ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေခြင်းဖြစ်သည်။

စပါးအသင်းသည် လာမည့် ပရီးမီးယားလိဂ်ပွဲစဉ် လေးပွဲအဖြစ် မန်စီးတီးအသင်းနှင့် အိမ်ကွင်းပွဲစဉ်၊ မန်ယူအသင်းနှင့် အဝေးကွင်းပွဲစဉ်၊ နယူးကာဆယ်အသင်း၊ အာဆင်နယ် အသင်းတို့နှင့် အိမ်ကွင်းပွဲစဉ်များကို ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ဘာစီလိုနာအသင်းက လူငယ်ကစားသမား လိုပက်ဇ်ကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆို

**ဘာစီလိုနာ ဇန်နဝါရီ ၂၇**

ဘာစီလိုနာအသင်းက အဓိက လူငယ် ကွင်းလယ်ကစားသမား လိုပက်ဇ်ကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ လိုပက်ဇ်သည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်က အသင်းကြီးနှင့်စတင်ပူးပေါင်းခဲ့သူဖြစ်သည်။



လိုပက်ဇ်နှင့် ဘာစီလိုနာအသင်းတို့စာချုပ်သက်တမ်းမှာ၂၀၂၇ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ၎င်းကို ပရီးမီးယားလိဂ် ထိပ်တန်း ကလပ်အသင်းကြီးများက ခေါ်ယူရန်ပစ်မှတ်ထားနေသဖြင့် ဘာစီလိုနာအသင်းက အဓိက လူငယ် ကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့် အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာမှ ၂၀၃၁ ခုနှစ် ဇွန်လကုန်ထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းအပါအဝင် ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းကြီးများက လိုပက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း ၎င်းကိုယ်တိုင်က ဘာစီလိုနာအသင်းတွင်သာ ဆက်လက်ကစားလိုသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

လိုပက်ဇ်သည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသထားပြီး ပြိုင်ပွဲစုံ ၂၅ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# တာနွန်ဆက်က IBF လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် မန်ဒိုဇာနှင့် ထိုးသတ်မည်

**တိုကျို ဇန်နဝါရီ ၂၇**

IBF လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ထိုင်းလက်ဝှေ့သမား တာနွန်ဆက်သည် စိန်ခေါ်သူ ဟွန်ဒူးရပ်စ် လက်ဝှေ့သမားမန်ဒိုဇာနှင့် ယခုနှစ် ဧပြီ ၁၃ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း Bxstrs Promo-tions က တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တာနွန်ဆက်အနေဖြင့် ဒုတိယမြောက် ဂျပန်နိုင်ငံတွင် သွားရောက်ထိုးသတ်မည့် ခရီးစဉ်ဖြစ်သည်။

ပထမအကြိမ်အဖြစ် IBF လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲအဖြစ် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်လက်ဝှေ့သမား အရာနီတာနှင့် ထိုးသတ်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် တာနွန်ဆက်က Split Decision ဖြင့် အနိုင်ရခဲ့သည်။

Bxstrs Promotions မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "IBF လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် တာနွန်ဆက်က မန်ဒိုဇာနဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ထိုးသတ်သွားဖို့ သဘောတူညီချက်ရထားပါတယ်။ တာနွန်ဆက်အတွက် ဂျပန်နိုင်ငံကို ဒုတိယအကြိမ်မြောက်သွားရောက်မဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ချန်ပီယံကာကွယ်ပွဲစဉ်ကို ဧပြီ ၁၃ ရက်မှာ ထိုးသတ်သွားဖို့လဲ ရက်သတ်မှတ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

တာနွန်ဆက်ကလဲ "ကျွန်တော့်အတွက် ပထမဆုံးအကြိမ် ကမ္ဘာ့ချန်ပီယံကို ကာကွယ်ရမဲ့ပွဲစဉ်ဖြစ်ပါတယ်။ ဂျပန်မြေကို ဒုတိယအကြိမ် သွားရောက်မှာဖြစ်ပြီး ပထမအကြိမ် သွားရောက်ခဲ့တုန်းကတော့ အဆင်ပြေခဲ့ပြီး ကမ္ဘာ့ချန်ပီယံဖြစ်ခွင့် ရခဲ့ပါတယ်။ ကာကွယ်ပွဲစဉ်မှာလဲ အကောင်းဆုံးလုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲ့ဒီအတွက်လဲ အကောင်းဆုံးပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**

**Trs : AZL**

# နှင်းရည်စိုရွှဲ လတပို့တွဲ

ကိုယဉ်ချစ်(မန္တလေး)

မြန်မာတို့သည် ဆယ့်နှစ်လရာသီပွဲတော်များကို ရှေးအစဉ်အလာမပျက် ကျင်းပလေ့ရှိကြသည်။ ဆယ့်နှစ်လရာသီပွဲတော်များသည် အပျော်အပါး သက်သက်မဟုတ်ဘဲ လအလိုက်၊ ရာသီအလိုက် အဓိပ္ပာယ်အသီးသီးရှိသည်။ တပို့တွဲလသည် မြန်မာ့ဆယ့်နှစ်လရာသီများတွင် ဧကာဒသမမြောက် လဖြစ်ပြီး အေးသောကာလသည်။

ပုဂံခေတ်ကျောက်စာများတွင် တပို့တွဲကို တပိုတွယ်၊ တပိုတွဲနှင့် တပိုဝ်တွယ် တပို့တွဲဟု အမျိုးမျိုး ကမ္ပည်းရေးထိုးခဲ့ကြသည်။ တပို့တွဲ ဟူသောအမည်သည် ထန်းလုပ်ငန်းကိုအကြောင်းခံ၍ ခေါ်ဝေါ်သောအမည်ဖြစ်သည်။ တပိုမှာ ထဖို ဖြစ်၍ တွဲမှာ တွဲလျားကျသည်။ ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့ကိုင်းညွတ်အောင်၊ တွဲကျအောင် ပြုလုပ်ရသည့်ကာလ၊ ထန်းရည်နင်းသောကာလ ဟုလည်း ခေါ်ဆိုမှတ်တမ်းပြုခဲ့ကြသည်။

ဇေဒင်အခေါ်အရ တပို့တွဲလကို ကုံရာသီဟုခေါ်သည်။ ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ ရက်ရှိသည်။ တပို့တွဲလ၏ ရာသီပန်းမှာ လဲပန်း၊ ပေါက်ပန်းတို့ဖြစ်သည်။ ရာသီပွဲမှာ ထမနဲပွဲဖြစ်သည်။ နဂါးဦးခေါင်းမှာ တောင်အရပ်သို့ပြုသည်။ အင်္ဂါနေ့နှင့် ကြာသပတေးနေ့များသည် ရက်ရာဇာဖြစ်ပြီး၊ တနင်္ဂနွေနေ့နှင့် တနင်္လာနေ့များသည် ပြဿဒါးနေ့များဖြစ်ကြသည်။ ရာသီရုပ်မှာ အိုးထမ်းယောကျ်ားဖြစ်သည်။

နှင်းရည်များစိုရွှဲသည့် တပို့တွဲလသည် ဆောင်းရာသီမှ နွေရာသီသို့ကူးပြောင်းသည့်လဖြစ်၍ ဆောင်းနှောင်းလဟုလည်း ခေါ်ဆိုသည်။ နှာရည်များ ယိုထွက်သည်ထိ ချမ်းအေးခြင်းကြောင့် **နှာရည်ယိုရွှဲတပို့တွဲ**ဟုဆိုသည်။ **တပို့တွဲ ကျွဲချိုများ ဆတ်ဆတ်ခါသည်** ဆိုစကားအရ ကျွဲချိုများပင် ဆတ်ဆတ်ခါသည်ထိ အလွန်ချမ်းအေးသည့်ကာလဖြစ်သည်။

တပို့တွဲလ၌ ဆီးနှင်းအကြွင်းအကျန်များအပေါ် မြူနှင်းများကျရောက်လာသည်။ တောတောင်များ၌ လဲပင်များ၊ ပေါက်ပင်များမှ အဖူးအငုံများ၊ သရက်ပင်များမှ နီရဲသောအရွက်နုများ ထွက်ပေါ်သည့် ရာသီကာလဖြစ်သည်။ ထိုနည်းအတူ ဆူးပန်းပင်၊ လက်ပံပင်၊ ကသစ်ပင်တို့လည်း ဖူးပွင့်ကြသကဲ့သို့ ဥသြငှက်ကလေးများက နွေကြိုတေးများ တွန်ကျူးကြသည်။

တပို့တွဲလတွင် ထန်းတက်သမားများသည် ရင်းထောင်၊ ရင်းဆွဲ၊ မြူအိုး၊ ကလိုင် စသည့်ထန်းတက်ကိရိယာများကို ထန်းလုပ်ငန်းလုပ်ကိုင်ရန် ပြင်ဆင်ကြသည်။ တောင်သူလယ်သမားများကလည်း လယ်ယာသုံးကိရိယာများကို ချိတ်ဆွဲသိမ်းဆည်းသောကာလဖြစ်သည်။ လယ်တော၊ ယာတောများတွင် သီးနှံများရင့်မှည့်ချိန်ဖြစ်၍ ရိတ်သိမ်းရန် ပြင်ဆင်နေကြပြီး အချို့လည်း ကောက်သစ်များကို စတင်ရိတ်သိမ်းသောကာလဖြစ်သည်။ တောင်ပေါ်တိုင်းရင်းသားများသည်လည်း တောင်ယာစပါးများကို ရိတ်သိမ်းသည့်ကာလဖြစ်သည်။

တပို့တွဲလတွင် ရာသီပွဲတော်များအဖြစ် ဩဝါဒပါတိမောက်အခါတော်နေ့၊ မီးဖုန်းပွဲ သို့မဟုတ် မီးပုံပွဲ၊ ထမနဲပွဲများ ကျင်းပကြသည်။

**ဩဝါဒပါတိမောက်အခါတော်နေ့**

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့် ညဦးယံအခါတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် နှင့် အရိယာရဟန္တာမြတ် တစ်ထောင့်နှစ်ရာ့ငါးကျိပ်တို့ခြံရံကာ ဥရုဝေလကဿပ စသည့် ရသေ့ညီနောင်ရှင်တစ်ထောင်မှ ကူးပြောင်းလာသော ရဟန္တာမြတ်များ စုံလင်စွာ ခစားဝပ်တွားနေကြစဉ် ပထမဆုံးအချိန်တွင် ဩဝါဒပါတိမောက်ဒေသနာကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။

(၁) တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ (၂) ဧဟိဘိက္ခု အရှင်မြတ်များဖြစ်ခြင်း၊ (၃) ဆဠဘိည ပဋိသမ္ဘိဒါ ရဟန္တာများဖြစ်ခြင်း၊ (၄) မည်သူမျှပင့်ဖိတ်သူမရှိဘဲ အစုံအလင် ကြွရောက်စုဝေးခြင်းဟူသော လေးပါးသော အင်္ဂါရပ်များနှင့် ပြည့်စုံနေသောကြောင့် ဘုရားရှင်တို့၏ ဓမ္မတာသုံးဆယ်ထဲမှ ဓမ္မတာတစ်ရပ်ဖြစ်သော ဩဝါဒပါတိမောက်ဒေသနာတော်ကို ဟောကြားတော်မူခြင်းဖြစ်သည်။

> ❖ တပို့တွဲလတွင် ထန်းတက်သမားများသည် ရင်းထောင်၊ ရင်းဆွဲ၊ မြူအိုး၊ ကလိုင် စသည့်ထန်းတက်ကိရိယာများကို ထန်းလုပ်ငန်းလုပ်ကိုင်ရန် ပြင်ဆင်ကြသည်။ တောင်သူလယ်သမားများကလည်း လယ်ယာသုံးကိရိယာများကို ချိတ်ဆွဲသိမ်းဆည်း သောကာလဖြစ်သည်။ လယ်တော၊ ယာတောများတွင် သီးနှံများရင့်မှည့်ချိန်ဖြစ်၍ ရိတ်သိမ်းရန်ပြင်ဆင်နေကြပြီး အချို့လည်း ကောက်သစ်များကို စတင်ရိတ်သိမ်း သောကာလဖြစ်သည်။ တောင်ပေါ်တိုင်းရင်းသားများသည်လည်း တောင်ယာစပါးများကို ရိတ်သိမ်းသည့်ကာလဖြစ်သည်။ တပို့တွဲလတွင် ရာသီပွဲတော်များအဖြစ် ဩဝါဒပါတိမောက်အခါတော်နေ့၊ မီးဖုန်းပွဲ သို့မဟုတ် မီးပုံပွဲ၊ ထမနဲပွဲများ ကျင်းပကြသည်။❖

မြတ်စွာဘုရားရှင်၏ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ ကိုခြုံငုံမိသော "ဩဝါဒပါတိမောက်ဒေသနာတော်"၏ လိုရင်းအနှစ်ချုပ်အဆုံးအမမှာ သဗ္ဗပါပဿ အကရဏံ (မကောင်းမှုကို မပြုကြပါနှင့်)၊ ကုသလဿ ဥပသမ္ပဒါ (ကောင်းမှုကိုသာ ဆည်းပူးပါ)၊ သစိတ္တပရိယောဒပနံ (ဖြောင့်မတ်ဖြူစင်သော စိတ်ထားကြပါ)၊ ဧတံ ဗုဒ္ဓါနသာသနံ (ဤသည်ပင်လျှင် ဘုရားရှင်တို့၏ အဆုံးအမတည်း)။

ဆိုလိုရင်းမှာ သီလ၊ သမာဓိနှင့် ပညာ၊ သာသနာသုံးရပ် သို့မဟုတ် ဝိနည်း၊ သုတ္တန်နှင့် ပညာဟူသော ပိဋကသုံးပုံလုံး ပါဝင်သော ဩဝါဒပါတိမောက်ဒေသနာတော်ကို " ဗုဒ္ဓလမ်းစဉ်အခြေခံမူဝါဒ"ဟူ၍ ဆိုမိန့်ခဲ့ကြသည်။ ရဟန်း၊ သံဃာတော်များကို ဟောကြားဆုံးမခဲ့သော တရားဖြစ်သော်လည်း လူအများနာခံလိုက်နာကျင့်သုံးအပ်သည့် အဆုံးအမဩဝါဒတရားတော်ဖြစ်သည်။

**မီးဖုန်းပွဲတော် သို့မဟုတ် မီးပုံပွဲတော်**

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များကို မီးလှုံခြင်းကို ခွင့်ပြုတော်မမူခဲ့ပါ။ မီးလှုံခြင်း၏ အပြစ်ငါးပါးကို ပဥ္စင်္ဂုတ္တရပါဠိတော်၌ ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် ချမ်းအေးလွန်းသောကြောင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနာမကျန်းဖြစ်တတ်သော ဆောင်းရာသီမှ နွေရာသီသို့အကူးအပြောင်းတွင် မီးအပူငွေ့ကိုပေးရန် လိုအပ်ပါက တပို့တွဲလ၏အဆုံးလေးရက်နှင့် တပေါင်းလဆန်းအစလေးရက် ဤရှစ်ရက်ကို မီးလှုံနိုင်ကြောင်း အန္တရဋ္ဌရက်ဟူ၍ အဋ္ဌကထာဆရာတို့က ဖွင့်ဆိုခဲ့ကြသည်။

ဘာသာရေးအရ တပို့တွဲလ၏ထူးမြတ်သောနေ့ တစ်နေ့မှာ တပို့တွဲလပြည့်နေ့၊ ဩဝါဒပါတိမောက်အခါတော်နေ့ပင်ဖြစ်သည်။ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ဒေသနာတော်ကို ရဟန်းတော်များအား ဟောပြောဆုံးမခဲ့ရာ လူတို့လည်း ၎င်းတို့ကိုလိုက်နာကျင့်သုံးခြင်းဖြင့် ဘဝကိုငြိမ်းအေးသာယာစေမည်ဖြစ်သည်။ တပို့တွဲလ၏ရာသီပွဲတစ်ခုမှာ မီးဖုန်းပွဲဖြစ်ပြီး အလွန်အေးချမ်းသောကာလဖြစ်၍ ဘုရားရှင်နှင့် သံဃာတော်တို့ကို ထင်းနှင့်မီးအိုးကင်းများလှူဒါန်းသည့် မီးဖုန်းပွဲဟုခေါ်ဆိုသည်။ တပို့တွဲလရောက်တိုင်း ရှေးအခါက အအေးဒဏ်ကိုကာကွယ်ရန် ဘုရားရှင်ကိုယ်တော်တိုင် မီးအိုးကင်း၌ မီးရှိန်ခံတော်မူခဲ့သည်ဟု သိမှတ်ခဲ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အများစုသည် တပို့တွဲလတွင် မြတ်စွာဘုရားကိုရည်မှန်းပြီး နံ့သာထင်းများဖြင့် မီးဖုန်းတော်များကို ဘုရား၊ စေတီ ပုထိုးများ၌ ပူဇော်လှူဒါန်းကြသည်။ မီးဖုန်းပွဲတော်ကို အချို့က မီးပုံပွဲဟုခေါ်ကြပြီး မီးကုသိုလ်ပွဲ၊ မီးအလှူပွဲ ဟုလည်းခေါ်ကြသည်။

အလှူရှင်များက တောတောင်များသို့ သွားရောက်၍ နံ့သာထင်းများ ခုတ်ယူစုပုံပြီး တပို့တွဲလပြည့်နေ့ အရုဏ်တက်ချိန်တွင် မီးရှို့ကာ မြတ်စွာဘုရားရှင်အားရည်မှန်းလျက် ဘုရားစေတီများတွင် မီးအပူဓာတ်ဖြင့်ပူဇော်ကြသည်။ တပို့တွဲလပြည့်နေ့ အရုဏ်တက်ချိန်တွင် ထမနဲဆွမ်း ကပ်လှူခြင်းနှင့်အတူ အမွှေးတိုင်၊ နံ့သာဖြူ၊ နံ့သာနီ၊ သနပ်ခါး၊ ကရမက် စသည့်ထင်းများကိုမီးရှို့၍ ထင်းမီးပုံကပ်လှူပူဇော်ကြသည်။

**ထမနဲပွဲ**

ထမနဲပွဲသည် မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များတွင် ထင်ရှားသည့်ပွဲတစ်ခုဖြစ်သည်။ ထမနဲဆိုသည်မှာ ကောက်ညှင်းကို ကြေညက်အောင်ပြုလုပ်ခြင်း သို့မဟုတ် နှဲခြင်းကြောင့် ထမနဲဆိုသည့် ဝေါဟာရပေါ် ပေါက်လာခြင်းဖြစ်သည်။ ကာလကြာသောအခါ ထမနဲမှ ထမနဲဟုပြောင်းလဲလာခြင်းဖြစ်သည်။ အချို့က နှမ်းကိုလှော်၍ ထည့်ခြင်းကြောင့် နှမ်းမနဲဟုလည်းခေါ်ဆိုကြသည်။

နှစ်စဉ် တပို့တွဲလပြည့်ရောက်တိုင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ထမနဲထိုးပြိုင်ပွဲများကို ကျင်းပကြသည်။ ထမနဲထိုးရာတွင် အားကောင်းမောင်းသန်ယောကျ်ားကြီးနှစ်ဦးက ခါးတောင်းကိုမြှောင်နေအောင်ကျိုက်ကာ ယောက်မကြီးများကိုကိုင်၍ စောင့်ကာ ရေကိုင်ယောကျ်ားတစ်ဦးက ထိုင်၍ ထမနဲကိုနှဲပေးရန် အသင့်စောင့်နေရသည်။ ပြိုင်ပွဲစတင်ရန် အချက်ပြလိုက်သည်နှင့် တစ်ပြိုင်တည်း ထမနဲစတင်ထိုးကြသည်။ ပြိုင်ပွဲဝင်များသည် ခွန်အားကိုအသုံးပြု၍ အားသွန်ခွန်စိုက်ယှဉ်ပြိုင်ကြသည်။ ရေကိုင်ယောကျ်ားသည် ထင်းမီး အတိုးအလျှော့၊ ရေအချိန်အဆနှင့် ထမနဲထိုးသူများ၏ လက်အားစိုက်ထုတ်မှုကို ပြောပေးရသည်။ ဘေးမှ ပရိသတ်များက အိုးစည်၊ ဒိုးပတ်များတီးမှုတ်ကာ ပျော်ရွှင်စွာ ကခုန်အားပေးကြသည်။ ပြိုင်ပွဲပြီးဆုံးသည့်အခါ အကဲဖြတ်ဒိုင်များက အရသာကို မြည်းစမ်းကြည့်၍ ဆုများချီးမြှင့်ကြသည်။ ရရှိလာသော ထမနဲများကို ဆွမ်းတော်ကပ်လှူခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းခြင်း၊ တပျော်တပါးဝိုင်းဖွဲ့စားသောက်ခြင်း၊ ပတ်ဝန်းကျင်များသို့ ပေးဝေခြင်းများပြုကြသည်။

ရှေးဘုရင်များလက်ထက်ကတည်းက တပို့တွဲလတွင် ထမနဲပွဲတော်များကို အစဉ်အဆက်ကျင်းပခဲ့ကြောင်း အထောက်အထားများရှိခဲ့သည်။ တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် လူ၏ခန္ဓာကိုယ်တွင် အဆီများ ခန်းခြောက်လေ့ရှိသည်။ ထို့ကြောင့် ဆီနိုင်နိုင်နှင့်ပြုလုပ်ထားသော ထမနဲကို စားသုံးခြင်းဖြင့် အဆီဓာတ်ရရှိကာ အသားအရေစိုပြည်လာကြောင်း ရှေးမြန်မာလူကြီးများက ဆေးပညာရှုထောင့်မှ ရာသီစာအဖြစ် သတ်မှတ်ထားခဲ့ကြသည်။ ထမနဲထိုးခြင်းသည် စည်းလုံးမှု၊ ညီညွတ်မှုကိုပြသည့် ပွဲတော်ဖြစ်သည်နှင့်အညီ အတိတ်ကောင်း၊ နိမိတ်ကောင်းကို ဖော်ဆောင်ခြင်း၊ ရာသီစာဆေးတစ်ပါးအဖြစ် စားသုံးကြခြင်း၊ လှူဒါန်းကြခြင်းတို့ကြောင့် လောကီလောကုတ်နှစ်ဖြာအကျိုးကိုရရှိသောပွဲတော်ဖြစ်သဖြင့် ထမနဲပွဲကို တပျော်တပါး ကျင်းပနေဆဲဖြစ်သည်။

တောင်ပေါ်တိုင်းရင်းသားများသည်လည်း ဒေသအလိုက် ကောက်သစ်စားပွဲများကို ဆင်နွှဲကြသည်။ ကချင်တိုင်းရင်းသားတို့၏ ကချင်ရိုးရာမနောပွဲတော်၊ ချင်းတိုင်းရင်းသားများ၏ ချင်းရိုးရာခွါဒိုရ်ပွဲတော်များ စသည့်ဒေသအလိုက်ပွဲတော်များကို တပို့တွဲလတွင် အစဉ်အလာမပျက် ကျင်းပကြသည်။

နှင်းရည်စိုရွှဲတပို့တွဲလ၏ ပွဲတော်များသည် ချမ်းအေးသော ရာသီဥတုကို ခံစားရင်းအပျော်သက်သက်မဟုတ်ဘဲ ကုသိုလ်ပြု၊ ကုသိုလ်ယူကြသည့်ပွဲတော်ဖြစ်သည်။ ဤသို့ရာသီ အလိုက် ရိုးရာပွဲတော်များကို နောင်လာနောက်သား များက အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပေသည်။

**ကိုးကား**

- **ဝိသုဒ္ဓက ( ပဲခူး ) ၏ ဗုဒ္ဓေ တပတိ တေဇာ**
- **ပန်းတိုင်ဦးသန်းမောင်၏ ဆယ့်နှစ်လရာသီပွဲတော်များနှင့် မှတ်တမ်းကဗျာများ**

# ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်တွင် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ညံ့ရိုးမီးပူဇော်ပွဲ ကျင်းပသွားမည်



ပြည် ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်တွင် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ညံ့ရိုးမီးပူဇော်ပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ညံ့ရိုးမီးပူဇော်ပွဲကို လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်တွင် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲမှာ ၂၄ ကြိမ်မြောက်ခဲ့ပြီဖြစ်ပြီး ညံ့ရိုးမီးပူဇော်ပွဲမှာ ၁၀၂ ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"တပို့တွဲလဆန်း ၁၄ ရက် (ဇန်နဝါရီ ၃၁ ရက်) မနက် ၇ နာရီ မဟာဗောဓိ ရင်ပြင်တော်ပေါ်မှာ ၂၄ ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ကျင်းပမှာဖြစ်ပြီး ရွှေဆံတော် ဝေယျာဝစ္စအဖွဲ့၊ ခြောက်ဖွဲ့နဲ့ ရွှေဆံတော်ဝန်ထမ်းအဖွဲ့ တစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ တပို့တွဲလပြည့်နေ့(ဖေဖော်ဝါရီ ၁ ရက်)မနက်ပိုင်း အရုဏ်တက်ချိန်မှာတော့ ၁၀၂ ကြိမ်မြောက် ညံ့ရိုးမီးပူဇော်ပွဲနဲ့ မြတ်စွာဘုရားကို ထမနဲဆွမ်းကပ်လှူမှာဖြစ်ပါတယ်။ တောင်ဘက်စောင်းတန်းအနီးဝလေးလုံးစေတီတော်အောက်ဘက်မှာလဲ မနက် ၄ နာရီကစပြီး ဘုရားဖူးလာပြည်သူတွေက ညံ့ရိုးတွေ ကိုယ်စီကိုင်ဆောင်ကာ မီးပူဇော်ကြမှာ ဖြစ်ပါတယ်"ဟု လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးတင်ဦးက ပြောပြ၍ သိရသည်။ ASH

# Murder, She Wrote ရုပ်သံဇာတ်လမ်းတွဲကို ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန် ယူနီဗာဆယ်စီစဉ်

နယူးယောက် ဇန်နဝါရီ ၂၇

Murder, She Wrote အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရေးအတွက် ယူနီဗာဆယ်ရုပ်ရှင် ကုမ္ပဏီက စီစဉ်ထားကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Murder, She Wrote ရုပ်ရှင်ဇာတ်ကားကို Pitch Perfect ဇာတ်လမ်းတွဲ ရိုက်ကူးခဲ့သည့် ဒါရိုက်တာ ဂျေဆင်မိုးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ၎င်းဇာတ်ကားတွင် အော်စကာဆုရှင် မင်းသမီး ဂျေမီလီကားတစ်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Murder, She Wrote ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လော်ရန်ရှူကာဘလမ်းနှင့် ရေဘက်ကာအင်ဂျလိုတို့ ပါဝင်ထားသည်။

Murder, She Wrote ရုပ်သံဇာတ်လမ်းတွဲသည် ၁၉၈၄ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်ကြားကာလအတွင်း ထင်ရှားခဲ့သည့် ဂျီဘီအက်ရုပ်သံဌာန၏ လျှို့ဝှက်သည်းဖိုရုပ်သံဇာတ်လမ်းတွဲဖြစ်သည်။

လက်ရှိအချိန်တွင် Murder, She Wrote ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ယူနီဗာဆယ်က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Film River Production က စီစဉ်ရိုက်ကူးမည့် အပြစ်မဲ့နှလုံးသား (The Chef's Secret) ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၂၇

Film River Production က စီစဉ်ရိုက်ကူးမည့် အပြစ်မဲ့ နှလုံးသား (The Chef's Secret) ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ အပြစ်မဲ့ နှလုံးသား(The Chef's Secret) ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် နေထွဋ်ထံမှ သိရသည်။

အဆိုပါ အပြစ်မဲ့ နှလုံးသား (The Chef's Secret) ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဟေမာနဟိဏ်းကရေးသားထားပြီး ဟေမာနဟိဏ်းနှင့် ချမ်းတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပြည့်ဖြိုးဟန်(PD)က Film River Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ရယ်၊ မေမီတို့ နှစ်ယောက်စလုံးရယ်အတွက် တစ်ခါမှ သရုပ်မဆောင်ဖူးသေးတဲ့ စားဖိုမှူးတွေရဲ့ ကာရိုက်တာလဲဖြစ်တယ်။ ပြင်သစ်စကားပြောလေးတွေနဲ့ စားဖိုမှူးတွေရဲ့စကားအခေါ်အဝေါ်တွေလဲ ပါတော့ နည်းနည်းခက်ခဲတယ်။ ဒီကားက မြန်မာပရိသတ်တွေ ရှေ့မှာလဲ အလောင်တွေ ကြည့်နေရတာမို့ မတူညီတဲ့ကာရိုက်တာတွေ ရိုက်ကူးသွားမှာဖြစ်ပါတယ်။ သည်းထိတ်ရင်ဖို ဇာတ်လမ်းပုံစံလေးကိုမှ ရသတွေလဲမတူညီနိုင်အောင် ဖန်တီးကြမယ်လို့ သိရပါတယ်" ဟု သရုပ်ဆောင် နေထွဋ်က ပြောပြသည်။



အပြစ်မဲ့ နှလုံးသား (The Chef's Secret) ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေထွဋ်၊ နေထက်လင်း၊ မင်းသူ၊ ဒေါင်းဝေ၊ သက်ထက်၊ မိုးကောင်းကင်၊ ကိုဟိန်း၊ မေမီကိုကို၊ ပက်စီ၊ ချယ်ချယ်၊ အေးအေးအောင်၊ မဇင်နှင့် ကလေးသရုပ်ဆောင် ဘုန်းမြင့်မြတ်၊ ရွှန်းပြည့်ဝတီနိုင်၊ ငွေအဆင်းကိုကိုနှင့် အခြားအနုပညာရှင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Werwulf ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဘိုဟီရေးဘရိုနက် ပါဝင်သရုပ်ဆောင်လာ

နယူးယောက် ဇန်နဝါရီ ၂၇

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ Werwulf ဆန်းကြယ်သတ္တဝါ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဘိုဟီရေးဘရိုနက် ပါဝင်သရုပ်ဆောင်လာကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Werwulf ဇာတ်ကားတွင် မင်းသမီး ဘိုဟီရေးဘရိုနက်သည် မင်းသား အေရွန်တေလာဂျွန်ဆင်၊ ဝီလမ်ဒီဖိုး၊ မင်းသမီး လီလီရို့ဒ်ပ်တို့နှင့် အတူသရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Werwulf ဇာတ်ကားသည် ၁၃ ရာစုခေတ် အင်္ဂလန်ကို နောက်ခံထားရိုက်ကူးမည့် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို လက်ရှိအချိန်တွင် ဒါရိုက်တာ ရောဘတ်အဂ္ဂါက ဗြိတိန်နိုင်ငံ၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

အသက် ၁၄ နှစ်အရွယ် မင်းသမီးဘိုဟီရေးဘရိုနက်သည် အမျိုးသမီးဒါရိုက်တာ ကလိုးကျောင်း၏ Hamnet ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် ရင်ဂို၊ ဟန်နေလွင်လွင်တို့၏ တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar တွင် ပြုလုပ်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

တေးသံရှင် ရင်ဂို၊ ဟန်နေလွင်လွင်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar ၌ ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ရင်ဂိုထံမှ သိရသည်။

အဆိုပါ တေးသံရှင် ရင်ဂို၊ ဟန်နေလွင်လွင်တို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များနှင့်အတူ The Transporter ၏ ပင်တိုင်အဆိုတော်များကလည်း အားဖြည့်သီဆို ဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Hannay and The Zens Band မှ အကောင်းဆုံးတီးခတ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"The Transporter Bar မှာ သမီး ဟန်နေလွင်လွင်အပြင် ရှယ်ကခုန်ဖို့ အားမာန်အပြည့်နဲ့ တီးခတ်သွားမဲ့ Hannay and The Zens Band တို့ရှိနေမှာမို့ The Transporter Bar ရဲ့ အလှပဆုံး မီးရောင်တွေနဲ့အတူ အလန်းစား သီချင်းကောင်းတွေနဲ့ ဖြတ်သန်းလို့ရမဲ့ ညတစ်ညကိုလာရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ ဒါ့ပြင် Transporter ရဲ့ အမိုက်ဆုံး၊ အကြမ်းဆုံး Vocals & DJ Artists တို့က Powerful Performance တွေနဲ့ ဖျော်ဖြေသွားအုံးမှာဖြစ်ပါတယ်"ဟု တေးသံရှင် ရင်ဂိုက ပြောပြသည်။

တေးသံရှင် ရင်ဂို၊ ဟန်နေလွင်လွင်တို့၏ တေးဂီတဖျော်ဖြေပွဲတွင် DJ Artists များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ နာမည်ကျော် Dancers များကလည်း ကကွက်စုံလင်စွာဖြင့် အားဖြည့်ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Rally in support and honour for the Rebuttal Arguments of the Myanmar delegation contesting the allegations at the International Court of Justice and to object and denounce the false accusation of Gambia held



Large crowds of people rally in support and honour for the Rebuttal Arguments of the Myanmar delegation contesting the allegations at the ICJ and to object and denounce the false accusation of Gambia.



Large crowds of people rally in support and honour for the Rebuttal Arguments of the Myanmar delegation contesting the allegations at the ICJ and to object and denounce the false accusation of Gambia.

**Nay Pyi Taw January 27**

A pro-patriotism rally to show support and honour for the Rebuttal Arguments of the Myanmar delegation contesting the allegations at the International Court of Justice (ICJ) in the Hague, the Netherlands, in order to protect the honour of the Republic of Union of Myanmar and to ensure justice and truth and to object and denounce the false accusation of Gambia was held at the parking lot in front of the City Hall in Yangon this afternoon, attended by monks of the Patriotic Myanmar Monks Union, nuns, people and members of the political parties.

First, the attendees sang the national anthem in chorus, and bowed to the Flag of the Republic of Union of Myanmar. Then, General Secretary of Patriotic Myanmar Monks Union (Yangon) Sayadaw Ashin Sucitta gave a speech, declaring that there was no genocide at all in Myanmar. Afterward, the attendees chanted slogans "Success for the Myanmar delegation that is contesting the allegations at ICJ to protect the honour of the Republic of Union of Myanmar and to ensure justice and truth", "We reject those who are making false accusations in connection with the genocide", "Stop all groundless accusations on genocide", and a pro-patriotism activist gave a speech, supporting and honouring Union Minister U Ko Ko Hlaing and Union Minister for Legal Affairs and Union Attorney General Daw Thida Oo and their Myanmar delegation, who are contesting the allegations in accord with the international laws. A pro-patriotism activist read out the official statement of Patriotic Myanmar Monks Union (Yangon) and Patriotic Brothers and Sisters (Yangon) in both English and Myanmar. Later, the attendees peacefully concluded the rally with a choral singing of the National Anthem and a bow to the Flag of the Republic of Union of Myanmar. 100

# Bogale Township ships 70,000 viss of hilsa to Yangon market within one month

**Bogale January 27**

Local businesspersons from Bogale Township of Ayeyawady Region supplied 70,000 viss of hilsa fish to Yangon market last month, said Daw Wai Wai, the owner of fishery product trading commodity in Bogale Township.

From Bogale Township, a total of up to 50,000 viss of hilsa fish were transported and sold to the Yangon market during November 2025. In December 2025, shipments increased to as much as 70,000 viss, according to reports. It is also learned that hilsa from the area are seeing strong demand in the Yangon market.

"We regularly and smoothly transport and sell locally produced seafood to Yangon. Over the past month, we were able to ship and sell up to 70,000 viss of hilsa. Prices of the hilsa sold vary depending on freshness as well as size and weight. At present, demand for hilsa remains strong. Hilsa shipped from this area are being resold by the markets not only within the local area but also to other regions," said Daw Wai Wai.

Hilsa exported from Bogale Township are priced according to size, with small hilsa selling at 18,500 kyat per viss, medium-sized hilsa at between 25,000 and 35,000 kyat per viss, and large hilsa at between K55,000 and K75,000 per viss. As hilsa trading remains active with regular shipments, fishermen, small-scale traders, wholesale depot operators, merchants, and freight transport service providers are reported to be benefiting from the steady trade.

Kyaw Kyaw Lin

# Death toll rises to 28 amid severe winter storm across U.S.

**New York January 27**

At least 28 weather-related deaths were reported Monday as a massive winter storm dumped snow across dozens of U.S. states over the weekend, causing widespread power outages, flight cancellations and school closures.

The death toll included two people run over by snowplows in Massachusetts and Ohio, and fatal sledding accidents in Arkansas and Texas. In New York City, officials said eight people were found dead outdoors as temperatures plunged at night.

From Massachusetts in the northeast to Texas in the south, roads were frozen slick with ice and buried under often more than 30 cm of snow. In some southern states, residents faced winter conditions unseen for decades.

Nearly 700,000 customers from the mid-Atlantic to the South were without power as of 4 p.m. Eastern Time on Monday, according to poweroutage.com. Most of them were in the South, with Mississippi, Tennessee and Louisiana hit hardest, where freezing rain caused tree limbs and power lines to snap, inflicting crippling outages.

Xinhua

# European Parliament delays decision on EU-U.S. trade deal

**Brussels January 27**

The European Parliament has delayed until next week a decision on whether to restart work on the EU-U.S. trade deal, after pausing its approval process last week, in protest over U.S. President Donald Trump's push to acquire Greenland and his tariff threats against European allies, according to a senior lawmaker on Monday.

Confirming that no decision was taken on Monday to resume ordinary EU-U.S. legislative procedures, Bernd Lange, chair of the European Parliament's Committee on International Trade, said in a post on X that the Parliament's negotiating team will meet on Feb. 4 to reassess the situation.

On Jan. 21, the European Parliament decided to put on hold approval of the trade deal between the EU and the United States following U.S. threats of tariffs linked to Greenland.

Tensions eased afterward when Washington announced that a "framework deal" had been reached on Greenland-related issues and that threatened tariffs on eight European countries would be suspended.

Under the EU-U.S. trade deal reached in July last year, the EU would eliminate tariffs on all U.S. industrial products and introduce tariff-rate quotas for a wide range of U.S. agri-food products entering the EU market. In return, Washington would set a 15-percent tariff ceiling on most EU goods exported to the United States.

Xinhua

# More than 14,000 acres of rainfed paddy harvested in Ngayokkaung



Farmers harvesting monsoon paddy using machinery.

**Ngayokkaung January 27**

Local farmers harvested all 14,023 acres of rainfed paddy in Ngayokkaung of Ngaputaw Township in Ayeyawady Region, said the Ngaputaw Township Department of Agriculture.

They started harvest of paddy in the second week of October. So far, they have harvested all sown acreage of rainfed paddy, yielding 97.54 baskets per acre.

"During the monsoon cropping season, Ngayokkaung Town cultivated rainfed paddy on a planned area of 14,023 acres. At present, all monsoon paddy has been fully harvested. This year, the main varieties grown were long-maturing rice, predominantly Pawsanyin and Pawsanhmwe. To ensure smooth and systematic cultivation of monsoon paddy without difficulties, technical guidance on rice cultivation was provided in advance, along with preventive measures against golden apple snails that commonly occur during the rainy season, and pest and disease control techniques. These activities were carried out ahead of time through timely field-based extension work. As a result, cultivation and harvesting have both been completed at 100 per cent," said U San Win, Head of the Ngaputaw Township Department of Agriculture.

In order to meet cultivation targets for the monsoon paddy already harvested in Ngayokkaung Town, the Department of Agriculture worked jointly with the General Administration Department, the Department of Agricultural Mechanization, and the Department of Irrigation and Water Utilization Management, among others, to carry out the cultivation.

Kyaw Kyaw Lin

# Target cultivation of vegetables exceeds in Kalay Township

**Kalay January 27**

Statistics of Kalay Township Agriculture Department of Sagaing Region stated that local farmers grow vegetables on croplands as cold season crops in the township, exceeding the target cultivation.

During the 2025-2026 winter cropping season, Kalay Township planned to cultivate 9,121 acres of vegetable crops. Planting began in October 2025, and as of today, a total of 10,191 acres have been successfully cultivated.

"In Kalay Township, vegetable cultivation was planned for 9,121 acres, but 10,191 acres have already been completed. This means cultivation has exceeded the target area. The crops include mustard greens, chilli, culinary herbs and spices, Chinese cabbage, potatoes, cabbage, eggplant, and cauliflower. Farmers are provided with technical guidance so that all vegetables can be cultivated under the GAP system. We have also provided technical support to ensure that vegetables are grown in a health-compliant manner with minimal chemical residues," said Daw Marn Ewh, Township Head of the Kalay Township Department of Agriculture.

In Kalay Township, the Department of Agriculture is providing technical training to vegetable farmers on GAP-based cultivation methods, offering guidance to ensure that vegetables produced from farms are safe and healthy, and supporting farmers to expand vegetable cultivation, according to reports.

Vegetables of various types are grown seasonally each year in Kalay Township. These crops have been producing good yields, contributing to household incomes. The Township Department of Agriculture is also providing awareness and education to prospective vegetable farmers on proper cultivation techniques, pest prevention, and the production and use of natural fertilizers, natural pesticides, and pest-control measures.

206

# YeU Township expands sown acreage of butter bean

**YeU January 27**

According to YeU District Agriculture Department, local farmers expanded sown acreage of butter bean in YeU Township of Sagaing Region this year.

During the 2025-2026 winter cropping season, YeU Township planned to cultivate 3,147 acres of butter bean crops. Planting began in October 2025, and as of today, a total of 3,498 acres have been successfully cultivated.

"During the winter cropping season in YeU Township, butter beans were planned for cultivation on 3,147 acres, but 3,498 acres have already been completed. This means cultivation has expanded beyond the original target. Butter beans are grown only in the winter season, and production has been successful. As butter beans fetch good market prices, farmers rely on this crop for cultivation," said U Zaw Myint Htun, District Head of the YeU District Department of Agriculture.

In YeU Township, local farmers are growing butter beans both as a sole crop and, in some cases, as an intercropped crop to generate additional income during this year's rainy-season cultivation period.

For farmers cultivating various types of beans in YeU Township, the Township Department of Agriculture is providing assistance and necessary technical support to improve crop yields and encourage the use of high-quality, pure seed varieties. In addition, awareness activities are being carried out on the preparation and use of natural pesticides for early prevention of crop pests and diseases, as well as timely harvesting practices.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers reap more than 410,000 acres of rainfed paddy in Pathein District

**Pathein January 27**

Pathein District Agriculture Department of Ayeyawady Region stated that local farmers have harvested 416,052 acres of rainfed in the district.

In Pathein District, a total of 506,663 acres of rainfed monsoon paddy were cultivated during the monsoon cropping season. Harvesting of these paddy fields began in the first week of October this year, and as of today, harvesting has been completed on 416,052 acres. The harvested paddy is yielding up to 99.66 baskets per acre.

"In Pathein District, more than 500,000 acres of monsoon paddy were cultivated in total. At present, harvesting has been completed on over 410,000 acres. Measures were taken to prevent pest and disease outbreaks in the paddy fields. To ensure smooth cultivation without difficulties this year, farmers and relevant departments worked together from before planting up to the present time," said Daw Aye Aye Mu, Head of the Pathein District Department of Agriculture.

Regarding township-wise completion of harvesting of monsoon paddy cultivated this year in Pathein District, Pathein Township has completed harvesting on 70,439 acres, Kangyidaunt Township on 129,878 acres, Thabaung Township on 37,370 acres, and Ngaputaw Township on 178,365 acres.

Kyaw Kyaw Lin



Farmers threshing paddy using machinery.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရိုမေးနီးယားက အီရန်ထုတ် Merops တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို မကြာမီတိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုမည်



ရိုမေးနီးယားနိုင်ငံသည် အီရန်နိုင်ငံထုတ် Shahed ဒရုန်းများကို တိုက်ခိုက်ရာတွင် ထိရောက်မှုရှိကြောင်း သက်သေပြနိုင်ခဲ့သည့် Merops အမည်ရှိ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို မကြာမီ တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုသွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကြီးထွားလာသော ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ဝယ်ယူထားပြီးဖြစ်သော အဆိုပါစနစ်ကိုင်တွယ်မည့်အဖွဲ့ကို လက်ရှိတွင် သင်တန်းပေးလျက်ရှိကြောင်း ရိုမေးနီးယား ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျော်ဂီတာ ဗလက်က သတင်းစာရှင်းလင်းပွဲတွင် အတည်ပြုပြောကြားခဲ့သည်။

Merops တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် Google ၏ စီအီးအိုဟောင်း Eric Schmidt က ၂၀၂၂ ခုနှစ် ရုရှား - ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း စတင်တည်ထောင်ခဲ့သည့် အမေရိကန် စွန့်ဦးတီထွင်ကုမ္ပဏီတစ်ခုဖြစ်သော Project Eagle ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဤစနစ်သည် မြေပြင်ထိန်းချုပ်ရေးစခန်း၊ လွှတ်တင်ရေးစင်နှင့် မြန်နှုန်းမြင့် Surveyor ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းတို့ကို စနစ်တစ်ခုတည်းအဖြစ် စုစည်းပေါင်းစပ်ထားခြင်းဖြစ်သည်။

စစ်ဘက်သုံး ထရပ်ကားများ၏ နောက်တွဲပေါ်မှ လွှတ်တင်နိုင်သော Surveyor ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းသည် ရန်သူ့ဒရုန်းများကို ရှာဖွေထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် ကြားဖြတ် တိုက်ခိုက်ခြင်းတို့အတွက် အဆင့်မြင့်အာရုံခံကိရိယာများနှင့် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုထားသည်။ တစ်နာရီလျှင် ၂၈၂ ကီလိုမီတာ (၁၇၅ မိုင်) ထိ အမြန်နှုန်းဖြင့်ပျံသန်းနိုင်ကာ ပေါက်ကွဲစေတတ်သော ထိပ်ဖူးများကို သယ်ဆောင်နိုင်သည်။ ၎င်းသည် ပစ်မှတ်ကို တိုက်ရိုက်ဝင်တိုက်ခြင်း သို့မဟုတ် အနီးကပ်ပေါက်ကွဲစေခြင်း နည်းလမ်းများဖြင့် ရန်သူ့ဒရုန်းကို တိုက်ခိုက်ဖျက်ဆီးပစ်နိုင်သည်။

ယူကရိန်းစစ်မြေပြင်တွင် Shahed အမျိုးအစား ဒရုန်းပေါင်း ၁၀၀၀ ကျော်ကို အောင်မြင်စွာ ကြားဖြတ်ဟန့်တားနိုင်ခဲ့ခြင်းကြောင့် ဤတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် NATO မဟာမိတ်နိုင်ငံများ၏ အာရုံစိုက်မှုကို ရရှိလာခဲ့ခြင်းဖြစ်သည်။ Merops တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်မှ ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းတစ်စင်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၀၀ ခန့်သာရှိရာ အီရန်ဒီဇိုင်းသုံး Shahed ဒရုန်းတစ်စင်း၏တန်ဖိုး ဒေါ်လာ ၃၅၀၀၀ ခန့်ထက် ထက်ဝက်ကျော် ပိုမိုသက်သာသည်။ ထို့ကြောင့် ဤစနစ်သည် အလုံးအရင်းနှင့် ဒရုန်းတိုက်ခိုက်မှုများကို ကာကွယ်ရာတွင် ကုန်ကျစရိတ်အသက်သာဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းတစ်ခုဖြစ်သည်။

စနစ်တစ်ခုလုံးကို အဖွဲ့မှူးတစ်ဦး၊ ပိုင်းလော့တစ်ဦးနှင့် နည်းပညာရှင်နှစ်ဦး အပါအဝင် စုစုပေါင်း လူလေးဦးဖြင့် ကိုင်တွယ်မောင်းနှင်နိုင်သည်။ ကိုင်တွယ်မည့်သူများကို အချိန်တိုအတွင်း (အနည်းဆုံး နှစ်ပတ်ခန့်) သင်တန်းပေးရုံဖြင့် ကျွမ်းကျင်စွာ အသုံးပြုနိုင်ခြင်းမှာလည်း Merops စနစ်၏ အားသာချက်တစ်ခုဖြစ်သည်။ လက်ရှိတွင် ရိုမေးနီးယားတပ်ဖွဲ့များအပြင် ပိုလန်တပ်ဖွဲ့များကလည်း နေတိုး၏ အရှေ့ဘက်ခြမ်းကာကွယ်ရေး အားကောင်းစေရန်အတွက် ဤစနစ်ကို စမ်းသပ်လေ့ကျင့်လျက်ရှိကြောင်း သိရှိရပါသည်။

**Romania to Deploy Low-Cost Counter-Drone System Proven in Ukraine** ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ စစ်အင်အားတည်ဆောက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်နေ

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) သည် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ စစ်ဘက်လမ်းညွှန်မှုများပေးနိုင်မည့် စစ်အင်အား တည်ဆောက်ရေးစီမံကိန်းကို စတင် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း IDF တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Hoshen ဟု အမည်ပေးထားသည့် အဆိုပါစီမံကိန်းကို ဗိုလ်ချုပ်ဟီဒိုင် ဇီလ်ဘာမန်း (Maj. Gen. Hidai Zilber-man) က ဦးဆောင်မည်ဖြစ်ပြီး ယခုနှစ် ဧပြီ ၁ ရက်တွင် တရားဝင်စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ လက်ရှိတွင် စီမံကိန်းအဖွဲ့များစွာက အစိတ်အပိုင်းအလိုက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

အဆိုပါ မူဘောင်သည် ဉာဏ်ရည်တု၊ စက်ရုပ်နည်းပညာ၊ အလိုအလျောက် မောင်းနှင်မှုစနစ်များနှင့် အာကာသဆိုင်ရာ စွမ်းဆောင်ရည်များအပါအဝင် အဆင့်မြင့်နည်းပညာများကို တိုးမြှင့်အသုံးပြုရန် အလေးပေးထားသည်။ ထို့ပြင် နှစ်နှစ်ကျော်ကြာဖြစ်ပွားခဲ့သော စစ်ပွဲများအတွင်း တွေ့ရှိခဲ့ရသည့် စစ်အင်အားအသင့်ဖြစ်မှုဆိုင်ရာ အားနည်းချက်များကိုလည်း ပြန်လည်ဖြည့်ဆည်းသွားမည်ဖြစ်သည်။ IDF ၏ ထုတ်ပြန်ချက်အရ ဤစီမံကိန်းသည် သမားရိုးကျ စစ်ဆင်ရေးမူဝါဒများကို ပြန်လည်သုံးသပ်ပြီး ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကြား ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုကိုဖော်ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

Hoshen စီမံကိန်းသည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အားလုံးတွင် စက်ရုပ်များနှင့် အလိုအလျောက် မောင်းနှင်စနစ်များကို ပိုမိုကျယ်ပြန့်စွာ တပ်ဖြန့်ရန် တောင်းဆိုထားကြောင်း သိရသည်။ ဤစနစ်များသည် အချို့မစ်ရှင်များတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး အချို့တွင်မူ စစ်သည်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် စစ်ဘက်ဆိုင်ရာ ဒေတာအခြေခံ အဆောက်အအုံများကို ချဲ့ထွင်ခြင်းဖြင့် AI နည်းပညာကို စစ်ဆင်ရေးစီမံကိန်း ရေးဆွဲခြင်း၊ ကွပ်ကဲထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲရေးကဏ္ဍများတွင် ပိုမိုနက်ရှိုင်းစွာ ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်သည်။



အာကာသနယ်ပယ်သည် ပိုမိုပြိုင်ဆိုင်မှုပြင်းထန်လာသည့် နယ်ပယ်တစ်ခုအဖြစ် သတ်မှတ်ခံထားရသည်။ နိုင်ငံအများအပြားက ၎င်းတို့၏ ဂြိုဟ်တုစီမံကိန်းများကို တိုးချဲ့လာနေချိန်တွင် အစ္စရေးအနေဖြင့် အာကာသဆိုင်ရာ စွမ်းဆောင်ရည်အသစ်များတွင် ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားသည်။ ရုရှား၏ အကူအညီဖြင့် အီရန်ကဂြိုဟ်တုများ လွှတ်တင်နေခြင်းသည် အာကာသအခြေပြု ထောက်လှမ်းရေးနှင့် စောင့်ကြည့်ရေး ကဏ္ဍများတွင် အစ္စရေး၏ အသာစီးရမှုကို လျော့နည်းသွားစေမည်ဟု စိုးရိမ်မှုများ မြင့်တက်နေသည်။

လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးသည်လည်း အဓိကဦးတည်ချက်အဖြစ် ဆက်ရှိနေသည်။ အထူးသဖြင့် ပြောင်းလဲလာသော ဒရုန်းခြိမ်းခြောက်မှုများကို ကာကွယ်ရန်အတွက် အလွှာစုံလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဆက်လက်အားကောင်းအောင် ပြုလုပ်မည်ဖြစ်ပြီး **Iron Beam** လေဆာအခြေပြု လေကြောင်း ကာကွယ်ရေးစနစ်ကိုလည်း ဆက်လက်ဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဖြစ်သည်။

နည်းပညာနှင့် လက်နက်ခဲယမ်းများအပြင် စီမံကိန်းသည် ကာလရှည်စစ်ဆင်ရေးများအပြီးတွင် အရံတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများနှင့် အမြဲတမ်းတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်နှင့် အသင့်ဖြစ်မှုကို ပြန်လည်မြှင့်တင်ရန် ဦးစားပေးထားသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် ဟားမတ်စ်တိုက်ခိုက်မှုအပေါ် စုံစမ်းစစ်ဆေးမှုများမှ ရရှိသောသင်ခန်းစာများနှင့်နောက်ဆက်တွဲစစ်ပွဲများမှ သုံးသပ်ချက်များက စီမံကိန်းအကောင်အထည်ဖော်မှုအပေါ် ပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**Israel's 2026-2030 Force-Building Plan Focuses on Tech, Readiness** ကို ဘာသာပြန် ဆိုထားပါသည်။

**မင်းမျိုး**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)၊ တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်


ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၅)မှ ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၈၀ ဗိုလ် ဇော်ဖြိုးအောင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။


ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၅၉)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၀၇ ဗိုလ် ကောင်းထက်ဝေအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။


ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၁၆ ဗိုလ် ဒေါ်လပြည့်ဝင်းအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ထိန်ဝင်း ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ကျောင်းဆင်းတပ်ခွဲ နှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့်ချီတက် အလေးပြုကြသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၉၀ ဗိုလ်မင်းသွေးခန့်နှင့် ရေကြောင်းပညာစာပေ ထူးချွန်ဆုရ ရေ ၅၇၈၀ ဗိုလ် ဇော်ဖြိုးအောင် တို့ကိုလည်းကောင်း၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်း အမှတ်စဉ်(၅၉)မှ အကောင်းဆုံးကျောင်းသား ဆုရ ရေ ၅၈၀၇ ဗိုလ် ကောင်းထက်ဝေနှင့် ရေကြောင်းအင်ဂျင်နီယာပညာစာပေထူးချွန် ဆုရ ရေ ၅၈၁၀ ဗိုလ် သူရိန်မြင့်အောင်တို့ကို လည်းကောင်း၊ တပ်မတော်(ရေ)အမျိုးသမီး အရာရှိငယ် သင်တန်းအမှတ်စဉ်(၁၀)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၁၆ ဗိုလ် ဒေါ်လပြည့်ဝင်းနှင့် ရေကြောင်းပညာ စာပေထူးချွန်ဆုရ ရေ ၅၈၁၇ ဗိုလ် ဒေါ်ချစ်မေ ဇင်တို့ကိုလည်းကောင်း ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းက သင်တန်းဆင်း

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကယားပြည်နယ် ဘောလခဲမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)၊ တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ် သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

မိန့်ခွန်းပြောကြားရာတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အနေဖြင့် တပ်မတော်(ရေ) အတွက်သာမက နိုင်ငံတော်နှင့်တပ်မတော် အတွက် အားသစ်လောင်းမည့် မျိုးဆက်သစ် အရာရှိငယ်များကို အောင်မြင်စွာလေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း စာတွေ့ သင်ကြားခဲ့သည့်အပြင် ရေယာဉ်အခြေပြု လက်တွေ့လေ့ကျင့်မှု(Afloat Training)များကို စစ်ရေယာဉ်များတွင် တွဲဖက်လေ့ကျင့် သင်ကြားခြင်းများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်သည့် စစ်ရေယာဉ်များနှင့် ပင်လယ်ပြင်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်းများ ဆောင်ရွက်ရာတွင် လိုက်ပါစေ၍ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်စစ်ဆင်ရေး၊မြစ်တွင်းစစ်ဆင်ရေးနှင့်သယ်ယူပို့ဆောင်ရေးတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ရေတပ်စစ်နည်းဗျူဟာများကို အခြေခံကျကျသိရှိတတ်မြောက်မှသာလျှင် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အခြေခံရေတပ်စစ်နည်းဗျူဟာသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ယခုသင်ကြားပေးလိုက်သည့် ရေတပ်ပညာရပ်များသည် ရေတပ်အရာရှိဘဝကိုစတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ရေတပ်အရာရှိဘဝတစ်လျှောက်လုံး လေ့လာသင်ယူသွားကြရန် အထူးလိုအပ်ကြောင်း။

ခေါင်းဆောင်မှုဆိုသည်မှာ မွေးရာပါ အရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရခြင်းဖြစ်သည့်အတွက် တပ်မတော်တွင် ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့် ပြည့်စုံရန် ကိုယ်တိုင်ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ရှိ အင်ဂျင်နီယာအရာရှိ၊ စစ်သည်များ၏ အရည်အချင်းပြည့်ဝမှုနှင့် ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် တန်ချိန်ပေါင်း ၃၅၀၀ ရှိသည့် ဖရီဂိတ်အမျိုးအစား စစ်ရေယာဉ်ကြီးအပါအဝင် အခြားစစ်ရေယာဉ်အမျိုးအစားစုံတို့ကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အတွက်လိုအပ်သည့် ရေယာဉ်အမျိုးအစားများကိုလည်း ဆက်လက် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အမျိုးသမီးအရာရှိစစ်သည်များကို လှိုင်းလေကြမ်းတမ်းသည့် ပင်လယ်ပြင်တွင် အမျိုးသားအရာရှိ စစ်သည်များနည်းတူ စိတ်ဓာတ်ပိုင်းနှင့်ကိုယ်ခန္ဓာပိုင်း ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ရေကူးနှင့် လှေလှော်ရွက်တိုက်တို့ကို ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း။

တပ်မတော်(ရေ)အနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် စစ်ဆင်ရေး၊ စစ်ဘက်သယ်ယူပို့ဆောင်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း။

အရာရှိများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပေးအပ်သောတာဝန်ကို အောင်မြင်စွာဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒ၊ညွှန်ကြားချက်များကို စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်ပြီး အသိပညာဗဟုသုတပြည့်ဝရေးအတွက် လက်ရှိမြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရေး လေ့လာမှတ်သားနေရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ ပြုမူနေထိုင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်၍ အမိန့်နှင့်စည်းကမ်းကို စံနမူနာပြလိုက်နာပြီး ပေးအပ်လာမည့်တာဝန်များကို စွမ်းရည်ပြည့်ဝစွာနှင့် အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် စည်းကမ်းကောင်းမွန်သော ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ **“လှိုင်းလေခက်ထန်ကြမ်းတမ်းသည့်ပင်လယ်ပြင်တွင် လူပျော့လူညံ့များအတွက် နေရာမရှိ”**ဆိုသည့်စကားအတိုင်း ကျန်းမာကြံ့ခိုင်သော ပင်လယ်ပျော် ရေတပ်သားများဖြစ်စေရေး လေ့ကျင့်၍ **“လှေခွက်ချည်းကျန် အလံမလှဲ”** စိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်နှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တေးဂီတအဖွဲ့၊ တပ်မတော်(ရေ) တေးဂီတအဖွဲ့တို့၏ တေးသီချင်းများနှင့် တေးသရုပ်ဖော်အစီအစဉ်များဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းသည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။(မြဝ)

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်သူများကိုနှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှု ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သော လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကိုဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လင်းနိုင်စိုးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ပန်းစည်းများ၊ ပန်းကုံးများ၊ အချိုရည်များ၊ အိုးစည်ဒိုးပတ်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(မြဝ)

စစ်ဆင်ရေးတာဝန်များကို
စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး
ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော
အောင်ပွဲအလီလီရ
ရှေ့တန်းပြန်နိုင်ငံ့သားကောင်း
တပ်မတော်သားများကို
ဝမ်းမြောက်စွာ
သောင်းသောင်းဖြဖြ
ဂုဏ်ပြုကြိုဆိုကြစဉ်။



တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်ကို ဂါရဝပြုတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၇**

ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာမိုဟာမက် အီရှပ်ဒါး၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးချုပ်ရုံး၌ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာမိုဟာမက် ရှီဘက် ရှာရစ်ဖ်အား ဂါရဝပြုတွေ့ဆုံ နှုတ်ဆက်သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုကဏ္ဍတို့ အပါအဝင် နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စစ်ဘက်မှုလတာဝန် ပြန်လည်ထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် ၃/၂၀၂၆**

၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်)

**စစ်ဘက်မှုလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ (ခ)အရ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်အား စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် ၄/၂၀၂၆**

၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

**ရှေ့ဖုံးမှအဆက်**

ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ထိုသို့ကြည့်ရှုအားပေးရာတွင် ပြည်သူလူထုက လွတ်လပ်စွာ မိမိတို့သဘောဆန္ဒများအလျောက် စည်းကမ်းရှိပြီး နိုင်ငံကြီးသားပီသစွာ လိုလိုလားလားဖြင့် လာရောက်ဆန္ဒမဲပေးကြသည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့ဆောင်ရွက်မှုများသည် ပြည်သူလူထုက အစိုးရအပေါ် လိုလားလက်ခံသည့် အပြုအမူများဖြစ်သည့်အတွက် အစိုးရအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း ယခုရွေးကောက်ပွဲတွင် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို အနှောင့်အယှက် တစ်စုံတစ်ရာမရှိဘဲ မဲပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မဲရုံဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲပေးခြင်း၊ မဲရေတွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး သမာသမတ်ကျစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်များကို အသုံးပြုခဲ့သည့်အတွက် မဲပေးခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စေပြီး ပြည့်စုံမှန်ကန်သည့် ရလဒ်များ ဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည့်စုံကောင်းမွန်သည့် လုံခြုံရေးဆောင်ရွက်ထားမှုများကြောင့် မဲဆန္ဒရှင်များက မဲရုံတာဝန်ထမ်းဆောင်သူများနှင့် အခြားသက်ဆိုင်သူများအားလုံး လုံခြုံစိတ်ချစွာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်ဟု သဘောထားမှတ်ချက်များ ပြုခဲ့ကြသည်ကို တွေ့ရှိရသဖြင့် လွတ်လပ်၍တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်သည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလျော့ပါးချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုအတွက် ယနေ့အချိန်ထိ အရေးပါနေဆဲဖြစ်သည့်အတွက် NCA သဘောတူညီချက်များကို လက်တွေ့အသုံးချအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင်လည်း လူငယ်များ ပါဝင်မှုကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာဖြင့်ထိတွေ့ဆက်ဆံပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အတွင်း ကောင်းမွန်သည့်ရလဒ်များနှင့် တိုးတက်အောင်မြင်မှုအခြေအနေများကို နိုင်ငံတကာကသိရှိအောင် ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများကလည်း မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံမပေါ်ပေါက်လာစေရေးတို့အတွက် အမြစ်ဖြတ်နှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်း သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခြင်း၊ ရန်ကုန်မြို့အခြေစိုက် သံတမန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက ကိုယ်စားလှယ်များကို သတင်းစာရှင်းလင်းပွဲများ ကျင်းပ၍ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် နယ်စပ်ဖြတ်ကျော်ဒုစရိုက်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အမြစ်ပြတ်သည်ထိ ဆက်လက်ဖော်ထုတ်၍ ထိရောက်သည့် ပြစ်ဒဏ်များကိုလည်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများသည် နိုင်ငံတော်လုံခြုံရေး (National Security)ကို ခြိမ်းခြောက်နိုင်သည့်အတွက် ၎င်းကိစ္စရပ်များကို ထိရောက်စွာတိုက်ဖျက်ခြင်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို တစ်ဖက်တစ်လမ်းကအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်သူလူထုအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမြစ်ပြတ်သည်ထိ ထိရောက်စွာ တားဆီးကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**"နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း နိုင်ငံ၏ အခြေခံအချက်အလက်များအပေါ် မူတည်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအဖြေရှာဖော်ထုတ်ပေးကြရန် တိုက်တွန်းပြောကြားထားပြီးဖြစ်၍ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝါးကိုအခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်းများ၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံဖြစ်သည့် နေကြာကိုလည်း ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စားရေးကို အထောက်အကူပြုစေသည့် အသားစားကြက်၊ ဥစားကြက်၊ ဘဲ၊ ငါး၊ ဝက်နှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန် လိုအပ်ကြောင်းနှင့် နွားမွေးမြူရေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ အခြေခံပညာအလယ်တန်းအဆင့်(KG+9)ကို မသင်မနေရအဆင့် သတ်မှတ်ပြီး ပညာရေးအဆင့်မြှင့်တင်နေပြီဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့် ပညာရပ်သင်ကြားပေးရုံသာမက အလယ်တန်းအဆင့်၌လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံဗဟုသုတများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်သည့်အတွက် အောင်မြင်စွာ ဖြေဆိုနိုင်ရေး ဆရာ၊ ဆရာမများနှင့် မိဘများပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးဆောင်ရွက်ပေးကြစေလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အခြေခံပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပညာရေးများမှ သင်ရိုးညွှန်းတမ်းများသည် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး စသည့်ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန်အတွက် မြန်မာစာ၊ အင်္ဂလိပ်စာကဲ့သို့သော သင်ကြားသင်ယူမှု ဘာသာစကားများကို မဖြစ်မနေ သင်ကြားပေးမှသာ အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အထောက်အကူပြုရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင်လည်း နိုင်ငံတော်အကြီးအကဲက "မိမိတို့ပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် အာဟာရဆိုင်ရာသုတေသနများ၊ အစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာ သုတေသနများ၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ပြုမူရေးနှင့်ပတ်သက်သည့် လက်တွေ့အသုံးချကျန်းမာရေးသုတေသနများကို တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဆိုပါသုတေသနတွေ့ရှိချက်များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုပညာပေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း"ကို လမ်းညွှန်မှာကြားခဲ့သဖြင့် လိုက်နာအကောင်အထည်ဖော်ကြရန်လိုအပ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံကိန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျလျာထားတွက်ချက်ရန် လိုအပ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍအလိုက် အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေအလွင့်မရှိအောင် သုံးစွဲကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီယဉ်ကျေးမှုထူထောင်နိုင်ရေးတို့ကို ပြည်သူလူထုနှင့်ပူးပေါင်း၍ တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများကို ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှု လျှော့ချရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ သတ္တုကျိုချက်သန့်စင်စမ်းသပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက အခြေခံကုန်ကြမ်းရရှိမှု၊ ကျိုချက်ရေးပစ္စည်းများနှင့် လုပ်ငန်းစဉ်များ၊ ထွက်ရှိလာသော ထုတ်ကုန်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ္တုကုန်ကြမ်းများမှ တန်ဖိုးမြင့်ကုန်ချောထုတ်ကုန်များ ရရှိအောင် ပြည်တွင်း၌ စမ်းသပ်ထုတ်လုပ်နေမှုကို အထူးအားပေးပါကြောင်း၊ လိုအပ်သောနည်းပညာနှင့် ခေတ်ခွဲစမ်းသပ်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ပြီး ယခု စမ်းသပ်လည်ပတ်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကျိုချက်သန့်စင်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်း ဆက်လက်၍အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် အရည်အသွေးပြည့်ဝသော ထုတ်ကုန်များရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားကာ စမ်းသပ်စက်ရုံအတွင်း ဆောင်ရွက်နေသောလုပ်ငန်းအဆင့်ဆင့်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ စက်မှုဇုန်ရှိ သတ္တုသန့်စင်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် တာချီလိတ်မြို့ မြို့တော်ခန်းမတွင် ဌာနဆိုင်ရာတာဝန်ခံများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှု လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသနိုင်ငံများတွင် နှစ်စဉ် Fire Hotspots ၁၆၀၀၀၀ ခန့် ဖြစ်ပေါ်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ထိုင်းနိုင်ငံမြောက်ပိုင်း၊ မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် လာအိုနိုင်ငံတို့တွင် အဓိကဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Fire Hotspots ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Fire Hotspots နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများ မရှိစေရေးအတွက် ဒေသခံများကို အသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများကို ဆက်စပ်ဌာနများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရလဒ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ၂၀၂၄ ခုနှစ်တွင် Fire Hotspots ၄၈၇၆ ခုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၃၄၀၂ ခုဖြစ်ပေါ်ခဲ့သဖြင့် ၃၀ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ကြောင်း၊ အလားတူ တာချီလိတ်ခရိုင်တွင် ၂၀၂၄ ခုနှစ်တွင် ၁၀၄၉ ခုဖြစ်ပေါ်ခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၄၂၅ ခုသာဖြစ်ပေါ်ခဲ့သည့်အတွက် ၅၉ ရာခိုင်နှုန်းထိ လျော့နည်းသွားသည်ကို တွေ့ရှိရသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်တစ်ခုပင်ဖြစ်ကြောင်း၊ ဆက်လက်၍ မီးခိုးမြူငွေ့ကင်းစင်ပြီး သန့်ရှင်းကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်၊ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ တာချီလိတ်မြို့၏ လေထုအရည်အသွေး တိုင်းတာနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအသင်းမှ အားကစားသမားများကို ကမ္ဘောဇဘဏ်နာယကနှင့် ဝန်ထမ်းမိသားစုက ပေးပို့လှူဒါန်းသည့် ထိုင်းဘတ်ငွေများအား ဒွန်မောင်းလေဆိပ်၌ ချီးမြှင့်ပေးအပ်




ရန်ကုန် ဇန်နဝါရီ ၂၇

အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအသင်းမှ အားကစားသမားများကို ကမ္ဘောဇဘဏ်နာယကနှင့်ဝန်ထမ်းမိသားစုများက ပေးပို့လှူဒါန်းသည့် ထိုင်းဘတ်ငွေများကို ဒွန်မောင်းလေဆိပ်၌ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ နာခွန်ရစ်ချာဆီးမားမြို့တို့၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် အခု ၂၀၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ် အခု ၂၀ စုစုပေါင်းဆုတံဆိပ် ၅၉ ခုတို့ကို ဆွတ်ခူးရယူပေးခဲ့သည့် နိုင်ငံကိုယ်စားပြုအားကစားသမားများအတွက် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့် ကမ္ဘောဇဘဏ် ဝန်ထမ်းမိသားစုများက လိုက်လံဂုဏ်ယူစွာ ချီးမြှင့်သည့်အနေဖြင့် မသန်စွမ်းအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုတစ်ခုစီအတွက် (တစ်ဦးချင်း၊ အသင်းလိုက်) ထိုင်းဘတ် တစ်သိန်းစီကို သံအမတ်ကြီး ဦးဇော်ဇော်စိုးကလည်းကောင်း၊ ငွေတံဆိပ်ဆုတစ်ခုစီအတွက် (တစ်ဦးချင်း၊ အသင်းလိုက်) ထိုင်းဘတ်ငါးသောင်းစီကို စစ်သံမှူးကြီး ဗိုလ်မှူးချုပ်ဝင်းသူလင်းကလည်းကောင်း၊ ကြေးတံဆိပ်ဆုတစ်ခုစီအတွက် (တစ်ဦးချင်း၊ အသင်းလိုက်) ထိုင်းဘတ်သုံးသောင်းစီကို သံမှူးကြီး ဦးစိုးသူဟိန်းကလည်းကောင်း စုစုပေါင်း ရွှေအခု ၂၀၊ ငွေ ၁၉ ခုနှင့် ကြေးအခု၂၀ တို့အတွက် ထိုင်းဘတ် ၃၅ သိန်း ငါးသောင်းကို ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ်တွင် ချီးမြှင့်ပေးအပ်သည်။

ထို့အတူ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရိုးရာခြင်းလုံးနှင့် ဘိလိယက်ပြိုင်ပွဲများ၌ရရှိသည့် ရွှေတံဆိပ်ဆုတစ်ခုစီအတွက် ထိုင်းဘတ် သုံးသိန်းစီဖြင့် ထိုင်းဘတ် ကိုးသိန်း ဆုချီးမြှင့်ခဲ့သဖြင့် ကမ္ဘောဇဘဏ်နာယကနှင့်ဝန်ထမ်းမိသားစုများ၏ ချီးမြှင့်ငွေစုစုပေါင်း ထိုင်းဘတ် ၄၄ ဒသမ ၅ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေ အခု ၂၀၊ ငွေ ၁၉ ခု၊ ကြေး အခု ၂၀ ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




ရန်ကုန် ဇန်နဝါရီ ၂၇

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ နာခွန်ရစ်ချာဆီးမားမြို့တို့၌ အားကစားနည်း ၁၉ နည်းကို ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၅ ခု၊ ကြေးတံဆိပ် ၁၁ ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် သုံးခု၊ ဘော်လီဘောအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ဘောလုံးအားကစားနည်းမှ ငွေတံဆိပ် တစ်ခု၊ စစ်တုရင် (မျက်မမြင်)အားကစားနည်းမှ ကြေးတံဆိပ် သုံးခု၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ ကြေးတံဆိပ် တစ်ခု၊ အလေးမအားကစားနည်းမှ ကြေးတံဆိပ် တစ်ခု၊ ဂိုးလ်ဘောအားကစားနည်းမှ ကြေးတံဆိပ် တစ်ခု၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် အခု ၂၀၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ်အခု ၂၀ စုစုပေါင်းဆုတံဆိပ် ၅၉ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန်ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၆) တွင် ရပ်တည်နိုင်ခဲ့သည်။

အောင်မြင်မှုဆုတံဆိပ်များ ရယူ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အောင်ပွဲရ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးဦးဆောင်သော အားကစားအဖွဲ့သည် ယနေ့ည ၆ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် အားကစားဝါသနာရှင် မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ အောင်သပြေပန်းစည်းများနှင့် စံပယ်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၁၁နည်းအနက် သေနတ်ပစ်၊ ဘိုစီရာနှင့် ဘိုးလင်းအားကစားနည်းများမှလွဲ၍ ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ ဘောလုံး၊ စစ်တုရင် (မျက်မမြင်)၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဂိုးလ်ဘောစသည့် အားကစားနည်း ရှစ်နည်းတို့က ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ၁၂ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရရှိခဲ့သည့် ရွှေတံဆိပ်ဆုများထက် ငါးခု ပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် ပိုမိုအောင်မြင်မှုရရှိခဲ့သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်သူများ၊ မသန်ပေမယ့် စွမ်းဆောင်နိုင်သူများဖြစ်ကြောင်းကို သက်သေစိုက်ထူပြသနိုင်ခဲ့သည်။

အဆိုပါအောင်ပွဲရ မြန်မာမသန်စွမ်း အားကစားအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းတစ်ရာကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော် ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင် မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ရခိုင်တိုင်းရင်းသားများပါတီ(RNP)

သဘောထားထုတ်ပြန်ကြေညာချက်(၁/၂၀၂၆)

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့် စပ်လျဉ်း၍ လူမျိုးသုဉ်း သတ်ဖြတ်မှုကျူးလွန်ကြောင်း နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ နိုင်ငံတကာတရားရုံး(ICJ)တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား စွပ်စွဲခဲ့သည်မှာ ခြောက်နှစ်ကျော်မျှ ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ ၎င်းတရားစွဲဆိုမှုသည် မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံရေးပါတီ တစ်ရပ်ရပ်ကို စွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား စွဲဆိုခြင်းဖြစ်သည်ဟု မှတ်ယူပါသည်။

၃။ ထိုတရားစွဲဆိုမှု၏ နောက်ဆက်တွဲ အကျိုးဆက်ကို အလျင်ဆုံးခံစားရမည့်သူများမှာ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများဖြစ်သည်မှာ မြေကြီးလက်ခတ် မလွဲဖြစ်ပါသည်။

၄။ ရခိုင်တိုင်းရင်းသားပြည်သူများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသား မိဘပြည်သူများကိုယ်စား အမှန်တရားအတွက် နိုင်ငံတကာတရားရုံး(ICJ)တွင် ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အတွင်း ခုခံချေပလျှောက်လဲလျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရခိုင်တိုင်းရင်းသားများပါတီ(RNP)အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ရခိုင်တိုင်းရင်းသားများပါတီ

## ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

သဘောထားထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် အကြောင်းခြင်းရာများသည် ဥပဒေရေးရာကိစ္စတစ်ခုတည်းမဟုတ်ဘဲ မိမိတို့နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ပြည်ထောင်စုဖွားနိုင်ငံသား၊ တိုင်းရင်းသားလူမျိုးတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေး အကျိုးစီးပွား၊ နိုင်ငံ့နယ်နိမိတ်အပိုင်းအခြားနှင့် နိုင်ငံတော်လုံခြုံမှု ကာကွယ်ရေးတို့ပါ ထိခိုက်လာစေနိုင်သည့်အတွက် နိုင်ငံတကာတရားရုံး (ICJ)တွင် နိုင်ငံတကာ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ရပ်တည်ဖြေရှင်းနေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကိုယ်စား နိုင်ငံတကာတရားရုံး(ICJ)သို့ သွားရောက်၍ မိမိတို့နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုတို့၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေး အကျိုးစီးပွားများနှင့်သက်ဆိုင်သည့် မတရားစွပ်စွဲချက်ကိစ္စရပ်များအတွက် ဥပဒေကြောင်းအရ ပကတိဖြစ်စဉ် အမှန်တရားများကို ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက်ထား ကြိုဆိုထောက်ခံပါကြောင်းနှင့် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် နိုင်ငံတော်ကချမှတ်ဆောင်ရွက်နေသည့် မူဝါဒလုပ်ငန်းစဉ်များနှင့် တစ်သွေးတည်း၊ တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သီပေါမြို့တွင် ဖမ်းဆီးရမိခဲ့သော ငွေလိမ်ဂိုဏ်းသုံး ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများသည် သမိုင်းတွင် ပမာဏအများဆုံးဖြစ်လာခဲ့"** ခေါင်းစဉ်ဖြင့် ၂၈-၁-၂၀၂၆ရက် **(ယနေ့)**မွန်းလွဲ၁ နာရီတွင်ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၅-၂-၂၀၂၆ ရက် မွန်းလွဲ၁ နာရီတွင် **"နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် ICJ တွင် စွမ်းစွမ်းတမံ ကာကွယ်နေကြသူများရှိသလို သူခိုးဓားပြကမ်းချင်ကြသော အမျိုးသားရေးသစ္စာဖောက်များလည်းရှိနေ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဂမ်ဘီယာနှင့် မြန်မာအမှု၏ ကြားနာပွဲ ဆက်လက်ပြုလုပ်




**နေပြည်တော် ဇန်နဝါရီ ၂၇**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing)ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ပြုလုပ်လျက်ရှိရာ ဂမ်ဘီယာက ဒုတိယအကျော့ လျှောက်လဲမှုကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီက စတင်သည်။

ကြားနာပွဲသို့ ယခင်တက်ရောက်နေကျ တရားသူကြီး ၁၄ ဦးအပြင် တရုတ်နိုင်ငံတရားသူကြီး Mrs. Xue ပါဝင်ခဲ့ပြီး စုစုပေါင်း တရားသူကြီး ၁၅ ဦး တက်ရောက်သည်။

ဂမ်ဘီယာနိုင်ငံ၏ဦးဆောင်ရှေ့နေနှင့် ရှေ့နေများက မြန်မာနိုင်ငံသည် ဘင်္ဂါလီများကို လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိကြောင်း စွပ်စွဲလျှောက်လဲခဲ့ကြပြီး ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိ ဂမ်ဘီယာနိုင်ငံ၏ ဒုတိယအကျော့ လျှောက်လဲချက်များကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

❖ အကယ်၍ ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာပြီး ၁၄ ရက်အတွင်း အထက်ဖော်ပြပါ သံသယရောဂါလက္ခဏာများ ခံစားရပါက ချက်ချင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်ရန်လိုအပ်ပြီး ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့သည့်ရာဇဝင်ရှိကြောင်းကို ဆရာဝန်ကို သေချာစွာပြောပြ၍ လိုအပ်သည့် စမ်းသပ်စစ်ဆေးကုသမှုများကို အချိန်မီခံယူရန်၊

❖ မိသားစုတွင်ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာရှိသူများကို တွေ့ရှိပါကလည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် တိရစ္ဆာန်များ(ဝက်၊လင်းနို့)တို့ ထူးထူးခြားခြား သေဆုံးနေသည်ကိုတွေ့ရှိရပါကလည်းကောင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေးအကြောင်းကြားရန်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၇-၁-၂၀၂၆)

❖ **မြန်မာ့မီးရထားမှအဆက်**

အမှတ်(၃၁)အဆန်၊(၃၂)အစုန် (ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထားနှင့် အမှတ်(၂၇)အဆန်၊(၂၈) အစုန် (မန္တလေး-နေပြည်တော်-မန္တလေး) လူစီး အမြန်ရထားခရီးစဉ်များ၏ ရထားလက်မှတ်များကို ယခုလာမည့် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ORTP စနစ်ဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ လူစီးအမြန်ရထားများ စီးနင်းလိုက်ပါရန် လက်မှတ်များဝယ်ယူရာတွင် ခရီးစဉ်အစအဆုံး စီးနင်းလိုက်ပါလိုပါက ခုနစ်ရက် ကြိုတင်၍လည်းကောင်း၊ကြားဘူတာများမှ စီးနင်းလိုက်ပါလိုပါက သုံးရက်ကြိုတင်၍ လည်းကောင်း ဝယ်ယူနိုင်ပြီး ရထားထွက်ခွာဆိုက်ရောက်ချိန်များ၊ ရပ်တန့်ဘူတာများ၊ လက်မှတ်ခန့်မှန်းထားများမှာ ယခင်အတိုင်းဖြစ်သည်။

အဆိုပါစနစ်ကို အသုံးပြုမည်ဆိုပါက မိမိအသုံးပြုလိုသည့် Browser တစ်ခုခုကို ဖွင့်ပြီး ortp.railways.gov.mm ဆိုသည့် Link အား ရိုက်နှိပ်၍ စနစ်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ထို့ပြင် စနစ်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ပြုလုပ်ထားသော QR Code ကို မိမိလက်ကိုင်ဖုန်းဖြင့် Scan ဖတ်၍လည်း ဝင်ရောက်နိုင်သည်။ စနစ်အား အသုံးပြုပုံ အဆင့်ဆင့် အသိပညာပေးခြင်းအစီအစဉ်နှင့် စနစ်သို့ဝင်ရောက်နိုင်သည့် Link နှင့် QR Code တို့ကို မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့မီးရထား Websiteနှင့် ဘူတာရုံအသီးသီးတို့တွင် ကြေညာအသိပေးထားပြီးဖြစ်သည်။

ခရီးသွားပြည်သူများအနေဖြင့် Online မှ လက်မှတ်များဝယ်ယူရန် အခက်အခဲတစ်စုံတစ်ရာရှိပါကလည်း သက်ဆိုင်ရာဘူတာရုံ၊လက်မှတ်ရုံများသို့ လာရောက်၍လည်း အဆိုပါစနစ်အသုံးပြုပြီး ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးထားသည်။ ORTP စနစ်ဖြင့် လက်မှတ်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မြန်မာ့မီးရထား၏ Hotline ဖုန်းအမှတ် -၁၁၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**ရန်သူမီးဘေး တားဆီးရေး မနေ့ဆောင်ရွက်ကြ။**

# ၂၂ ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၂ ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှ ၁၄ ရက်ထိ မန္တလေး ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းရှိ မြမာလာဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့်အတူ မြမာလာဥယျာဉ်အတွင်း၌ မန္တလေးမြို့တော်သူ၊မြို့တော်သားများ လာရောက်အပန်းဖြေနိုင်ရန် သစ်သီးဝလံ ပန်းမန်ကိုယ်စားပြု ပုံဖော်ထားသည့် အလှဆင်ပန်းဝိုင်းကြီး သုံးခုပြုလုပ်ထားမည်ဖြစ်ပြီး အလှဓာတ်ပုံရိုက်ရန် နေရာများလည်း ပြင်ဆင်ပေးထားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဌာနဆိုင်ရာပြခန်း ၁၆ ခန်း၊ အရောင်းပြခန်း ခုနစ်ခန်း၊ ပျိုးပင်အရောင်းဆိုင် ၁၈ ဆိုင် ပါဝင်မည်ဖြစ်ပြီး ပွဲတော်ကာလအတွင်းလာရောက်လေ့လာလည်ပတ်သည့် ပြည်သူများကို ပျိုးပင်များလက်ဆောင်ပေးမည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ရည်ရွယ်ချက်ငါးရပ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်လုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲကို အမျိုးအစားအလိုက် ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်များအနေဖြင့် ဖေဖော်ဝါရီ ၁၀ မှ ၁၁ရက်ထိ နံနက်၉နာရီမှ ညနေ ၅ နာရီအတွင်း ပြိုင်ပွဲဝင် ပစ္စည်းများကို မြမာလာဥယျာဉ်အတွင်းရှိ ကွပ်ကဲရေးရုံးသို့ ပေးပို့ရမည်ဖြစ်ကာ ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုအများဆုံးရရှိသည့် ပြိုင်ပွဲဝင်ကို တံခွန်စိုက်ဆုချီးမြှင့်သွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဖုန်း ၀၉-၂၀၁၉၃၉၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ သွားရောက်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချေပချက်များကို ထောက်ခံဂုဏ်ပြုပွဲနှင့် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန်စွပ်စွဲချက်များ ကန့်ကွက်ရှုတ်ချပွဲကျင်းပ





အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ သွားရောက်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချေပချက်များကိုထောက်ခံဂုဏ်ပြုပွဲနှင့် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန်စွပ်စွဲချက်များ ကန့်ကွက်ရှုတ်ချပွဲကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ သွားရောက်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချေပချက်များအား ထောက်ခံဂုဏ်ပြုပွဲနှင့် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန်စွပ်စွဲချက်များ ကန့်ကွက်ရှုတ်ချသည့် အမျိုးသားရေးဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ ယာဉ်ရပ်နားကွင်း၌ပြုလုပ်ရာ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ပြည်သူများ၊ နိုင်ငံရေးပါတီများမှပါတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းကို သံပြိုင်သီဆို၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။ ထို့နောက် မျိုးချစ် မြန်မာရဟန်းတော်များသမဂ္ဂ (ရန်ကုန်)မှ အထွေထွေအတွင်းရေးမှူး ဆရာတော် အရှင်သုစိတ္တက မေတ္တာတရားထွန်းကားရာ အမိမြန်မာနိုင်ငံကြီးသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်း လုံးဝမရှိကြောင်း ဟောပြောသည်။ယင်းနောက် တက်ရောက်လာကြသူများက "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်တရားမျှတသော အမှန်တရားအတွက် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့ အောင်မြင်ပါစေ"၊ "လူမျိုးသုဉ်းသတ်ဖြတ်သည်ဟု မဟုတ်မမှန်စွပ်စွဲနေကြသူများအားအလိုမရှိ"၊ "လူမျိုးသုဉ်းသတ်ဖြတ်သည်ဟု သက်သေခိုင်လုံခြင်းမရှိဘဲစွပ်စွဲနေမှုများ ချက်ချင်းရပ်" စသည့် ကြွေးကြော်သံများ ကြွေးကြော်ကြပြီး အမျိုးသားရေး တက်ကြွလှုပ်ရှားသူတစ်ဦးက အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် နိုင်ငံတကာဥပဒေများနှင့်အညီ တုံ့ပြန်ချေပရင်ဆိုင်ဖြေရှင်းနေသော ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးတို့ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ထောက်ခံအားပေးဂုဏ်ပြုကြောင်း ဟောပြောသည်။ ၎င်းနောက် မျိုးချစ်မြန်မာရဟန်းတော်များ သမဂ္ဂ(ရန်ကုန်)၊ အမျိုးသားရေးညီအစ်ကိုမောင်နှမများ(ရန်ကုန်)၏ သဘောထားထုတ်ပြန်ချက်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူတစ်ဦးကဖတ်ကြားပြီး တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းကို သံပြိုင်သီဆို၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ ထပ်မံလွှဲပြောင်း ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ခြောက်ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား လေးဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ ဆီယာရာလီယွန်နိုင်ငံသား တစ်ဦး၊မာလာဝီနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ တန်ဇန်းနီးယားနိုင်ငံသား တစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ Staff of Embassy Mr. Sajal Shakya နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ဆီယာရာလီယွန်နိုင်ငံ၊ မာလာဝီနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ဇင်ဘာဘွေနိုင်ငံ၊ တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၇၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၉၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## အီတလီနိုင်ငံတောင်ပိုင်းတွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်နေ၍ နိုင်ငံတော်အဆင့်အရေးပေါ်အခြေအနေကြေညာထား



**ရောမ ဇန်နဝါရီ ၂၇**

အီတလီနိုင်ငံတောင်ပိုင်းတွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်နေ၍ ယနေ့တွင် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ ကြေညာထားရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

အီတလီနိုင်ငံတောင်ပိုင်းဒေသများတွင် ယခုရက်သတ္တပတ်အတွင်း မုန်တိုင်းပြင်းထန်စွာဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် အစိုးရက နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ မုန်တိုင်းအရှိန်ကြောင့် စီစီလီ၊ ဆာဒီနီးယားနှင့် ကလာဘရီယာဒေသတို့တွင် မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုအပြင် အမြင့်ကိုးမီတာထိရှိသောလှိုင်းကြီးများ ဖြစ်ပေါ်ခဲ့သဖြင့် ကမ်းရိုးတန်းအနီးဒေသရှိ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစနစ်များ ပျက်စီးခဲ့ကြောင်း၊ ယခုကြုံတွေ့ခဲ့ရသည့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ယူရိုတစ်ဘီလီယံကျော်ရှိကြောင်း ခန့်မှန်းထားသည်။

မုန်တိုင်းကြောင့် လက်ရှိတွင် ထိခိုက်ဒဏ်ရာရရှိသူများ၊ သေဆုံးသူများမရှိသေးကြောင်း၊ အီတလီနိုင်ငံအစိုးရသည် မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအကူအညီများ ပံ့ပိုးသွားမည်ဖြစ်ပြီး အရေးပေါ်လိုအပ်ချက်များအတွက် လက်ရှိတွင် ယူရိုသန်း ၁၀၀ ကို ဒေသခံများထံ ခွဲဝေပေးခဲ့သည်ဟု ဝန်ကြီးချုပ် ဂျော်ဂျီယာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် အပူချိန်မြင့်တက်မှုဖြစ်ပွားကာ တောမီးများလောင်ကျွမ်းနေသောကြောင့် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ ဇန်နဝါရီ ၂၇**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် အပူချိန်မြင့်တက်မှုဖြစ်ပွားကာ တောမီးလောင်ကျွမ်းနေသောကြောင့် ဩစတြေးလျမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(BoM)က တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်ပမာဏသည် ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်အမြင့်ဆုံးမြင့်တက်မှုဖြစ်ကြောင်း၊ မဲလ်ဘုန်းမြို့အပြင် အခြားဒေသများတွင်လည်း အပူချိန်မြင့်တက်မှု ဖြစ်ပေါ်လျက်ရှိပြီး ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေကြောင်း၊ မဲလ်ဘုန်းမြို့အနီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုမှာ လူနေအိမ်ခြေနှင့်အခြေခံအဆောက်အအုံများဆီသို့ ကူးစက်လာနိုင်ကြောင်း BoM က ထုတ်ပြန်ခဲ့သည်။

"မဲလ်ဘုန်းမြို့မှာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုက လူနေအိမ်ခြေတွေနဲ့ အခြေခံအဆောက်အအုံတွေကို ကူးစက်လာနိုင်တဲ့အခြေအနေလဲ ဖြစ်ပါတယ်။ လူနေအိမ်ခြေတွေနဲ့အခြေခံအဆောက်အအုံတွေဆီကို တောမီးကူးစက်လောင်ကျွမ်းခြင်းမရှိစေဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေက



ကြိုးစားပေးနေပါတယ်"ဟု ဩစတြေးလျမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟက်ဖာနန်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အင်္ဂလန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက် အဝါရောင်အဆင့်သတ်မှတ်

**လန်ဒန် ဇန်နဝါရီ ၂၇**

အင်္ဂလန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မြစ်ရေလျှံတက်လာနိုင်သည့် အခြေအနေဖြစ်သည့်အတွက် Met Office က ရေဘေးအန္တရာယ်သတိပေးချက်အဝါရောင်အဆင့်သတ်မှတ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရနိုင်သည့်ဒေသမှာ ဆက်ဆက်စ်ကောင်တီဖြစ်ပြီး ရေဘေးအန္တရာယ်အဝါရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း၊ ဆက်ဆက်စ်ကောင်တီတွင် နေရာသုံးနေရာ၌ ရေကြီးရေလျှံမှု စတင်နေပြီဖြစ်ပြီး မိုးရေချိန်မှာ ၃၅ မီလီမီတာထိ မြင့်တက်နေသကဲ့သို့ မိုးရေချိန်ဆက်လက်မြင့်တက်ဖွယ် ရှိနေကြောင်း၊ ရေကြီးရေလျှံမှုစတင်နေသည့်နေရာများမှာ စတိတ်ရှင်လမ်း၊ မီလ်လမ်း၊ အိုးမီလ်လမ်းတို့ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်။

"အင်္ဂလန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းမှာ ဒီနေ့ကနေစတင်ပြီးတော့ မိုးသည်းထန်စွာရွာသွန်းနေပါတယ်။ ဆက်ဆက်စ်ကောင်တီမှာတော့ ရေကြီးရေလျှံမှုစတင်နေပြီဖြစ်ပါတယ်။ ရေကြီးရေလျှံမှုပမာဏကိုလဲ အဝါရောင်အဆင့်အဖြစ် သတ်မှတ်ပါတယ်။ မြစ်ရေလျှံတက်မှုတွေလဲ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အဆင့်ကိုရောက်ရှိလာနိုင်ပါတယ်။ ရေကြီးရေလျှံမှုစတင်နေတဲ့ နေရာသုံးနေရာရှိပါတယ်။ စတိတ်ရှင်လမ်း၊ မီလ်လမ်းနဲ့ အိုးမီလ်လမ်းတို့ဖြစ်ပါတယ်။ ရေကြီးရေလျှံမှုစတင်နေတဲ့နေရာတွေကို ဖြတ်သန်းသွားလာမှုမပြုလုပ်ဖို့လဲ သတိပေးထားပါတယ်။ မိုးရေချိန်ဟာ ၃၅ မီလီမီတာထိမြင့်တက်နေသလို မိုးရေချိန်ဟာ ဆက်လက်မြင့်တက်လာနိုင်တဲ့ အခြေအနေလဲဖြစ်ပါတယ်" ဟု သဘာဝပတ်ဝန်းကျင်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးခေါင်ရေရှားမှု ရာသီဥတုဒဏ်သင့်ပြည်သူများအတွက် UN က အမေရိကန်ဒေါ်လာ ၁၄ သန်း ပံ့ပိုး

**ကဘူးလ် ဇန်နဝါရီ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ကာလရှည်ရင်ဆိုင်ခဲ့ရပြီး မိုးခေါင်ရေရှားပါးမှုရာသီဥတုဒဏ်သင့်ခဲ့သော ပြည်သူများအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း(UN)က အမေရိကန်ဒေါ်လာ ၁၄ သန်း ပံ့ပိုးပေးခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသော ပြည်သူဦးရေ ၇၈၀၀၀၀ ထိ ရှိခဲ့ပြီး မိုးခေါင်ရေရှားပါးမှုဒဏ်သင့်ပြည်သူများကို ပံ့ပိုးပေးခဲ့သကဲ့သို့ မိုးခေါင်ရေရှားပါးမှုလျော့ချရေးအတွက်လည်း စီမံချက်များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိုးခေါင်ရေရှားပါးမှုကြောင့် နေရပ်စွန့်ခွာရသော ပြည်သူများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ကျန်းမာရေးစောင့်ရှောက်မှုများ၊ ယာယီရွက်ဖျင်တဲများနှင့် သောက်ရေသန့်များ ပံ့ပိုးမှုပြုလုပ်ပေးနေကြောင်း UN က ထုတ်ပြန်သွားခဲ့သည်။

"အာဖဂန်နစ္စတန်နိုင်ငံမှာ ၂၀၂၅ ခုနှစ်က မိုးခေါင်ရေရှားပါးမှုပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ စိုက်ပျိုးရေးလုပ်ငန်း အခြေပြုတဲ့နိုင်ငံဖြစ်တဲ့အတွက် မိုးခေါင်တဲ့ပြဿနာဟာ ကြီးမားတဲ့ပြဿနာဖြစ်ခဲ့ပါတယ်။ UN အနေနဲ့ ရာသီဥတုလွန်ကဲမှုဒဏ်သင့် ပြည်သူတွေအတွက် အမေရိကန်ဒေါ်လာ ၁၄ သန်း ပံ့ပိုးပေးနိုင်ခဲ့ပါတယ်" ဟု အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်က ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများပျက်စီးခဲ့ရပြီး အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့် ပြည်သူအမြောက်အမြားရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ကူညီပံ့ပိုးမှုပြုလုပ်ပေးနေသကဲ့သို့ နိုင်ငံတကာ၏ အကူအညီကိုလည်း တောင်းခံထားကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## အမေရိကန်နိုင်ငံတွင် ဆောင်းရာသီမုန်တိုင်းကြောင့် သေဆုံးသူ ၂၈ ဦးထိ မြင့်တက်လာ

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အမေရိကန်နိုင်ငံတစ်ဝန်း ဆောင်းရာသီမုန်တိုင်း ပြင်းထန်စွာဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် သေဆုံးသူဦးရေမှာ ၂၈ ဦးထိ မြင့်တက်လာကြောင်း အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဆောင်းရာသီမုန်တိုင်း၏သက်ရောက်မှုကြောင့် မက်ဆာချူးဆက်၊ အိုဟိုင်းယိုး၊ အာကန်ဆားနှင့် တက္ကဆက်ပြည်နယ်များအပါအဝင် ပြည်နယ်အများအပြားတွင် အအေးဒဏ်ပြင်းထန်စွာခံစားရလျက်ရှိပြီး အချို့ဒေသများတွင် အပူချိန်သည် ရေခဲမှတ်အောက်သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

အအေးဒဏ်ကြောင့် ဖြစ်ပွားသည့် ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေများ၊ လမ်းများတွင် ရေခဲပြင်များဖြစ်ပေါ်လာခြင်းကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ခြင်းတို့ကြောင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ထို့ပြင် ဆောင်းရာသီမုန်တိုင်း၏သက်ရောက်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားနေပြီး လူနေအိမ် ခုနစ်သိန်းခန့်ထိ လျှပ်စစ်မီးမရရှိဘဲ ထိခိုက်ခဲ့ကြောင်း၊ လေကြောင်းခရီးစဉ်များလည်း ထောင်ချီဖျက်သိမ်းခဲ့ရသည့်အပြင် ကျောင်းများ၊ အစိုးရရုံးများကို ယာယီပိတ်ထားရခြင်းများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ မိုးလေဝသဌာနက အာတိတ်လေထုဝင်ရောက်လာခြင်းကြောင့် အအေးဒဏ်ပြင်းထန်မှုသည် နောက်ထပ်ရက်အနည်းငယ်ထိ ဆက်လက်ခံစားရနိုင်ကြောင်း ခန့်မှန်းထားပြီး ပြည်သူများအနေဖြင့် မလိုအပ်သည့် ခရီးသွားလာမှုများကို ရှောင်ရှားရန်၊ အအေးဒဏ်ကာကွယ်ရေးအတွက် သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# ၂၀၄ အခန်းဖော်

## မနှင်းဖွေး



ဦးလေး... ဦးလေး

ဦးလေး... ဦးလေး

ဦးလေး... ဦးလေး... အိပ်ပြီလား ဦးလေး။

ကျွန်တော် ဆေးလိပ်လေးသောက်ချင်လို့ ဦးလေးကို ခွင့်တောင်းတာပါ။ ကျွန်တော့်ကို သောက်ခွင့်ပြုပါနော်။ ဦးလေးကို နှိုးသလိုဖြစ်သွားရင်လဲ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် ရှိသေသမှုနဲ့ ဦးလေးကို ခွင့်ပန်တာပါ။ နောက်ပြီး ကျွန်တော် ဆေးလိပ်သောက်တဲ့အကြောင်း ဆရာမတွေကိုလဲ သွားမတိုင်နဲ့အုံးနော်။ အထူးသဖြင့် ဟို... အပြာဝတ်နဲ့ ခပ်ဝဝ ဆရာမ။ တိုင်လို့ကတော့ ဦးလေးနဲ့ ကျွန်တော် အတွေ့ပဲ။ ကျွန်တော် ဦးလေးကို လုံးဝသည်းခံမှာ မဟုတ်ဘူး။ လူကြီးဆိုပြီး ညှာမှာလဲ မဟုတ်ဘူး။ ဒီအခန်းထဲမှာ ဦးလေးနဲ့ကျွန်တော် နှစ်ယောက်တည်း ရှိတာနော်။ အစောင့်ဆိုတဲ့ ငနဲတွေက အချိန်ပြည့် အနားမှာ နေကြတာမဟုတ်ဘူး။ တစ်နေ့ သုံးထောင်သာ ပေးရတာ။

ဒါထက် ဦးလေးက ဘာဖြစ်လို့ ဒီဆေးရုံလာတက်တာလဲ။ ဩော်... အရက်လာဖြတ်တာလား။ လက်စသတ်တော့ ဦးလေးက အရက်သမားကိုး။ မသိပါဘူး။ ကျွန်တော်က ဦးလေးကို ဘုန်းကြီးလူထွက် မှတ်နေတာ။ ဦးလေး ခေါင်းက နဂိုပြောင်လား။ နဂိုကတည်းက ခေါင်းတုံးပေါ့။ ဟုတ်လား။ ဟား... ဟား... ဟား...။

ဒါထက် စကားမစပ် ဦးလေးအသက် ဘယ်လောက်ရှိပြီလဲ။ ၅၈ နှစ်။ ၅၈ နှစ်ရှိပြီ။ ဟင်... ၅၈ နှစ်ဆိုတာ သေရမဲ့ အရွယ်ပဲ။ ကျွန်တော့်အဖေဆို အသက် ၅၈ နှစ်မှာ သေသွားတာ။ ဦးလေးလိုပဲ အရက်သောက်လို့လေ။ ဦးလေးကျတော့ ဘာလို့ မသေသေးတာလဲ။

ကျွန်တော်လား။ ကျွန်တော်ကတော့ အရက်လုံးဝ မသောက်ဘူး။ ဘီယာတောင် မသောက်ဘူးဗျာ။ ကျွန်တော်တို့ သင်္ဘောပေါ်မှာ အရက်က ပေါလွန်းလို့။ ပြီးတော့ ကျွန်တော် နိုင်ငံစုံ ရောက်ဖူးတာပဲ။ အရက်အမျိုးမျိုး တွေ့ဖူးတာပဲ။ လုံးဝလျှာပေါ် မတင်ဘူး။

ကျွန်တော်က ငယ်ငယ်ကတည်းက အရက်ဆိုရင် မုန်းတယ်။ အရက်သောက်တဲ့ လူတွေကိုလဲ မုန်းတယ်။ ငယ်ငယ်တုန်းက ကျွန်တော်တို့ မောင်နှမတစ်တွေ ခဏခဏအရိုက်ခံရတယ်။ အဖေက အရက်မူးပြီး ကျွန်တော်တို့ကို အပြစ်မရှိ အပြစ်ရှာပြီး ရိုက်တာလေ ဦးလေးရဲ့။ အမေက ကျောင်းဆရာမ။ အဖေက အမေ ကျောင်းကပြန်လာရင် ဘယ်သွားအလေလိုက်နေသလဲဆိုပြီး အသားလွတ်ကြီး ရိုက်ချင်ရိုက်သေးတာ။ ကျွန်တော်တို့သားအမိတစ်တွေ နေ့တိုင်းငိုခဲ့ရတယ်။ ဒါကြောင့် ကျွန်တော် အရက်ကိုလဲ မုန်းတယ်။ အရက်သမားကိုလဲ မုန်းတယ်။ ဦးလေးက အရက်သမားပေမဲ့ အရက်လာဖြတ်တာဆိုတော့ ကျွန်တော် သည်းခံလိုက်ပါ့မယ်။

ကျွန်တော့်အကြောင်း ဟုတ်လား။ ဩော်...ဒီလိုဒီလို။ အမှန်တော့ ကျွန်တော် ညဘက် ညဘက် အိပ်မပျော်လို့ ဆေးလာဝယ်တာ။ ကျွန်တော့်အစ်ကိုနဲ့ လာကြတာ။ ဒီရောက်တော့ ဆေးရုံနာမည်လေးကို သဘောကျသွားတယ်။ နာမည်က မိုက်တယ်။ "မြင့်မြတ်တော်ဝင် အထူးကုဆေးရုံ" တဲ့။ မြင့်မြတ်တဲ့သူ၊ တော်ဝင်နန်းထိုက်တဲ့သူတွေ ကုသတဲ့ဆေးရုံလို့ အစ်ကိုက ပြောပြတယ်။ ဆေးရုံတော့ ကြိုက်ပါတယ်။ ဆေးရုံတက်ဖို့တော့ စိတ်ကူးမရှိပါဘူး။ ဆေးဝယ်ပြီး ပြန်မလို့အလုပ်မှာ ဒေါက်တာ ဦးဝင်းတင်ဆိုတဲ့ ဘဲကြီးက ကျွန်တော့်ကို အတင်းဖမ်းပြီး ဆေးထိုးသတ်တာ ဦးလေးရေ၊ ဆေးထိုးပြီး သတ်တာ။ ကံကောင်းလို့ မသေတယ်။ ပြီးတော့ သူ့အမိန့်နဲ့ ကျွန်တော့်ကို ဒီမှာ အကျယ်ချုပ် ချုပ်ထားတယ်လေ။ ကျွန်တော် အခု အကျယ်ချုပ်နဲ့ နေနေရတာ သိလား ဦးလေး။

ကျွန်တော်လဲ စိတ်နာနာရှိတာနဲ့ အခုတော့ ဒေါက်တာဦးဝင်းတင်ကို ရှင်းပစ်လိုက်ပါပြီ။ ကျွန်တော် ကိုယ်တိုင် အပြတ်ရှင်းတာပါ။ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် တစ်ယောက်မှမချန်ဘူး။ မျိုးသုဉ်းအောင်ကို လုပ်ပစ်လိုက်တာ၊ အေးရော။ ပြီးရော။ အခု အောက်ထပ်မှာထိုင်ပြီး လူနာကြည့်နေတာက ဒေါက်တာ ဦးဝင်းတင် အစစ်မဟုတ်ဘူး။ သူ့ရဲ့ပုံတူမျိုးပွား။ အင်္ဂလိပ်လိုဆိုရင်တော့ ကလုန်း (clone) ပေါ့။ ဦးဝင်းတင်ရဲ့ ကလုန်းပဲ အခုကျန်တော့တာ။

ဦးလေး ဦးလေး အိပ်ပြီလား ဦးလေး။ မအိပ်ပါနဲ့အုံး ဦးလေးရာ အစောကြီး ရှိပါသေးတယ်။ ကျွန်တော် ဦးလေးကို ပြောစရာရှိလို့ပါ။ သိပ်အရေးကြီးတဲ့စကား ပြောမလို့ပါ။ လူသိခံလို့မဖြစ်တဲ့ ကိစ္စမို့ ဦးလေးတစ်ယောက်တည်းကိုပဲ ပြောမှာ။

ဒီမယ် ဦးလေး။ ကျွန်တော်လေ ကျွန်တော်။ ကျွန်တော် အခု စကြဝဠာမင်း ဖြစ်နေပြီ သိလား ဦးလေး။ စကြဝဠာမင်း ဖြစ်နေပြီ။ ဖြစ်တာ သိပ်မကြာသေးဘူး။ သုံးရက်ပဲ ရှိသေးတယ်။ ဦးလေး အခြားလူတွေတော့ မပြောနဲ့နော်။ သူများတွေ သိလို့တော့ မဖြစ်ဘူး။ သိကုန်ရင် နိုင်ငံတကာက ကျွန်တော့်ကို ရန်သတ္တရုပြုကြမှာ။

စကြဝဠာမင်းဆိုတာ ရတနာခုနစ်ပါး ပိုင်တာပေါ့။ ဟို... စကြာရတနာရယ်၊ ဆင်ရတနာရယ်၊ မြင်းရတနာရယ်၊ ပတ္တမြားရတနာရယ်။ နောက်ပြီး အယ်... နောက် နောက်ဘာလဲ မသိတော့ဘူး ဦးလေး။ ခုနစ်မျိုးတော့ ခုနစ်မျိုးပဲ။ နောက်ပြီး ကျွန်တော်က သမုဒ္ဒရာလေးစင်းကိုလဲ ပိုင်သေးတယ်။ ပစိဖိတ်သမုဒ္ဒရာကော၊ အတ္တလန္တိတ်သမုဒ္ဒရာကော၊ အာတိတ်သမုဒ္ဒရာကော၊ အိန္ဒိယသမုဒ္ဒရာကော။ အားလုံး ကျွန်တော့် အာဏာစက်အောက်မှာပဲ ရှိကြတာ။

ကျွန်တော်မပိုင်တာ တစ်ခုပဲရှိတယ်။ အဲဒါကတော့ အေဒင်ပင်လယ်ကွေ့ပဲ ဦးလေး။ အစကတော့ ကျွန်တော့်အပိုင်ပေါ့။ နောက်တော့ ဆိုမာလီဓားပြတွေက ကျွန်တော့်ဆီက လုယူသွားကြတာ။ ပြီးတော့ သူတို့က အဲဒီနေရာမှာ မင်းမူနေတော့တာလေ။

ကျွန်တော့် ဆေးလိပ်ငွေ့တွေ ဦးလေးဆီ ရောက်ကုန်ပြီလား။ ကန်တော့နော် ဦးလေး။ ကန်တော့ ကန်တော့။

ဦးလေး။ ပရမတ္ထသစ္စာဆိုတာ ဦးလေး သိလား။ အင်္ဂလိပ်လိုဆိုရင်တော့ Absolute Truth ပေါ့။ အဲဒီ ပရမတ္ထသစ္စာကို ကျွန်တော် လိုက်ရှာနေတာကြာပြီ။ ကျွန်တော် သင်္ဘောလိုက်ရင်း ရောက်တဲ့ နိုင်ငံတိုင်း ဆင်းဆင်းပြီးရှာတာ ဘယ်မှာမှ မတွေ့ခဲ့ဘူး။ နောက်ဆုံးတွေ့မဲ့တွေ့တော့လဲ သင်္ဘောပေါ်မှာ တည့်တည့်ကြီးတိုးတော့တာပဲ ဦးလေးရေ။

အဲဒီ မဖောက်မပြန် မှန်ကန်သောတရား ဆိုတာကြီးကို ကျွန်တော် နဖူးတွေ့၊ ဒူးတွေ့ တွေ့လိုက်ရတာပါ။ "ငါ ဘာကောင်မှ မဟုတ်ဘူး"ဆိုတာကိုလဲ ကောင်းကောင်း နားလည်လိုက်တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကိုလဲ ကွက်ကွက်ကွင်းကွင်းကြီးမြင်သွားပြီ။ မမြင်ခံနိုင်ရိုးလား။

ဆိုမာလီဓားပြတွေက အတော်လျင်တာ သိလား ဦးလေး။ သူတို့ စီးလာတဲ့ စပိဘုတ်တွေက သေးသေးလေးရယ်။ လူမှ လေးငါးခြောက်ယောက်လောက်ဆံ့တာ။ အဲဒီ စပိဘုတ် သုံးလေးစီးလောက်နဲ့ ရောမ သင်္ဘောကြီးတွေကို ဝင်ဝင်စီးတာ။

ကျွန်တော်တို့ သင်္ဘောပေါ်လား။ တက်လို့ ရတာပေါ့ ဦးလေးရ။ ဦးလေးက မယုံလို့လား။ သူတို့ဘုတ်နဲ့ တွဲထားတဲ့ သံကြိုးထိပ်မှာ သံလိုက်တုံးရှိတယ်လေ။ အဲဒီသံလိုက်တုံးကို ကျွန်တော်တို့ သင်္ဘောဆီပစ်လိုက်ရင် သူတို့ ဘုတ်နဲ့ ကျွန်တော်တို့ သင်္ဘောက ကပ်သွားရော။ အဲဒီအခါကျမှ သူတို့က အလူမီနီယံလှေကားလေး ပစ်ချိတ်ပြီး တက်လာတာဗျ။ ဒီကောင်တွေ ရူပဗေဒသဘောတရားတော့ တော်တော်နားလည်တယ်။ သံလိုက်ကို ဘယ်လို သုံးရမလဲဆိုတာ ကောင်းကောင်းသိတယ်။ ဒါပေမဲ့ ဒီကောင်တွေ တစ်ကောင်မှတော့ စကြဝဠာမင်း ဖြစ်မလာဘူး။ အဲဒီတစ်ချက်တော့ ကျွန်တော်က သူတို့ထက်သာသွားပြီ ဟဲ... ဟဲ။

ဒါပေမဲ့ ဆိုးတာက သူတို့က ကျွန်တော့်ကို လက်ပြန်ကြိုးတုပ်တယ်ဗျာ။ Bridge Wing ပေါ် ဆွဲခေါ်သွားတယ်ဗျာ။ ဦးလေးဆိုရင်လဲ ဘယ်လောက်ကြောက်မလဲ။ ချေးတွေ၊ သေးတွေတောင် ထွက်ကျမှာ သေချာတယ်။ လူတွေက ကိုယ်ချင်းစာတရား မရှိပါဘူး။ အမှန်တော့ အတ္တ၊ ပရဆိုတာ မျှတရမယ်ဗျ။ ဟုတ်တယ် မဟုတ်လား ဦးလေး။

အဲဒီတုန်းကအကြောင်းတွေကို ပြန်မပြောချင်တော့ပါဘူး ဦးလေးရာ။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် သေလူလို့ပဲ သဘောထားလိုက်တယ်။ အဲဒါကြောင့် စိတ်ထဲကမှန်းပြီး အမေ့ကို ကန်တော့တယ်။ ကျွန်တော့်ကို သင်္ဘောပေါ် တင်ပေးတဲ့ ဘကြီးထွန်းကို ကန်တော့တယ်။ အစ်ကို့ကို ကန်တော့တယ်။ မမကို ကန်တော့တယ်။ အဖေ့ကိုတော့ မကန်တော့ဘူး။ လုံးဝပဲ။

ဦးလေး... ဦးလေး...

ဦးလေး.. ဦးလေး...

အိပ်ပြီလား ဦးလေး။ မအိပ်ပါနဲ့အုံးဗျာ။ ကျွန်တော် တစ်ယောက်တည်း ကြောက်လွန်းလို့ပါ။ ဦးလေး အိပ်သွားရင် ကျွန်တော် တစ်ယောက်တည်း ဖြစ်နေမှာပေါ့။ မအိပ်နဲ့နော် ဦးလေး။ လောကကြီးမှာ ကျွန်တော်ကြောက်တာ နှစ်မျိုးပဲရှိတယ် ဦးလေး။ တစ်မျိုးက ဆိုမာလီဓားပြတွေ၊ နောက်တစ်မျိုးက ကျွန်တော် သစ်ပင်ဖြစ်သွားမှာ သိပ်ကြောက်တာပဲ။

ဦးလေး လူသားအရင်းအမြစ်ဆိုတာ ဦးလေး ကြားဖူးတယ် မဟုတ်လား။ အဲဒီစကားလုံးက တအားမှန်တယ် ဦးလေး။ လူတွေမှာလေ "အမြစ်" တကယ်ရှိတာ။ ကျွန်တော်ဆိုရင် မြေကြီးပေါ် ဖိနပ်မပါဘဲ ကြာကြာမရပ်ရဲဘူး။ နည်းနည်းလေး ကြာကြာရပ်မိရင် ကျွန်တော့်ခြေဖဝါးက ယားကျိယားကျိ ဖြစ်လာပြီး မကြာဘူး ခြေဖဝါးမှာ အမြစ်တွေထွက်လာရော။ အဟုတ်ပြောတာ ဦးလေးရဲ့။ အမြစ်တွေ မခိုင်ခင် ကျွန်တော် အမြဲထွက်ထွက်ပြေးရတယ်။ အမှုမဲ့ အမှတ်မဲ့ အကြာကြီး ရပ်မိလို့ အမြစ်ခိုင်သွားရင် ကျွန်တော် ဘယ်ရွှေ့လို့ ရတော့မလဲ။ ကျွန်တော် သစ်ပင်လုံးလုံး ဖြစ်သွားမှာပေါ့။ မဟုတ်ဘူးလား။

စကြဝဠာမင်းကနေ သစ်ပင်ဖြစ်ရတယ် ဆိုရင် လူကြားလို့လဲ မကောင်းဘူး။ ကျွန်တော် ဘယ်နည်းနဲ့မှ သစ်ပင်အဖြစ်မခံနိုင်ဘူး။

ဒါ အခုမှ မဟုတ်ပါဘူး။ ဟိုး... ကျွန်တော် တေးရေးဆရာဘဝကတည်းက ခြေဗလာနဲ့ မြေကြီးပေါ် မရပ်ခဲ့တာပါ။ ကျွန်တော်က အရင်က တေးရေးဆရာပါ။ သီချင်းတွေ အများကြီးရေးခဲ့တယ် ဦးလေးရဲ့။ သင်္ဘော မလိုက်ခင်ကပေါ့။ နာမည်လား။ အင်း... တစ်ခါတလေ စောခူဆဲနာမည်နဲ့ ရေးတယ်။ တစ်ခါတလေ မောင်မောင်ဇော်လတ် နာမည်နဲ့ ရေးတယ်။

စာမျက်နှာ ၂၅ သို့ ➹

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၉၅၆၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၉၅၆၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၅၄၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၉၅၆၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၅၇ တင်းထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၂၅၄၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဟင်္သာတ ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက အောင်နိုင်တိုးစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ အောင်နိုင်တိုးစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်နိုင်တိုးစပါး တင်းရေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အောင်နိုင်တိုးစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ဆန်ကြမ်းဆိုပေမဲ့ လူအများစု ကြိုက်နှစ်သက်ပြီး စားလို့ကောင်းပါတယ်။ အောင်နိုင်တိုးစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိပါတယ်" ဟု ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

**ကျော်ကျော်လင်း**



á **စာမျက်နှာ ၂၄ မှအဆက်**

အခုတော့ စကြဝတေးမင်းလဲ ဖြစ်ပြီဆိုတော့ ဂီတကို စွန့်လွှတ်လိုက်ပါပြီ။ ဟော... ဦးလေး... ရှူး တိုးတိုး။ ဆရာမအသံ ကြားတယ်။ ဘုတ်ဆုံမ ကျွန်တော်တို့ကို ညဆေးလာတိုက်မယ်ထင်တယ်။ သတိနော်။ သတိ။

ဗျာ...၊ ခင်ဗျာ...၊ ကျွန်တော် စကားမများပါဘူး ဆရာမရယ်။ မယုံရင် ဟိုဘက်ခုတင်က ဦးလေးကို မေးကြည့်ပါ။ တကယ်ပါ။ ဒီဆေးတွေ မသောက်ရင် မရဘူးလား ဆရာမ။ ဆရာမဆေးတွေက ခါးလွန်းလို့ပါ။ ဒါထက် ဒီဆေးတွေက သေဆေးတော့ မဟုတ်ပါဘူးနော်။ ကျွန်တော် မသေချင်သေးဘူး။ ကျွန်တော် ငယ်ပါသေးတယ်။ အခုမှ အသက် ၃၅ နှစ်ပဲ ရှိသေးတာပါ။ အမေ့ကို လုပ်ကျွေးချင်ပါသေးတယ်။ ကျွန်တော့်အသက်ကို ချမ်းသာပေးပါ ဆရာမရယ်။

အင်းလေ... အားလုံးကတော့ ခေတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတာပါပဲ။ ဒီတော့ ဖြစ်ချင်ရာဖြစ် သောက်လိုက်မယ်နော် ဆရာမ။ ကဲ သောက်ပြီဗျာ၊ သောက်လိုက်ပြီ။ တစ်လုံးမကျန် သောက်လိုက်ပြီ။ အားလုံးဟာ ဖြစ်ပြီးရင်ပျက်မှာပဲ။ အားလုံးဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောချည်းပဲ။ အိန္ဒြာကျော်ဇင်လဲ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောပဲ။ သက်မွန်မြင့်လဲ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောပဲ။ မိုးယုစံလဲ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောပဲ။ ဝတ်မှုံရွှေရည်လဲ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောပဲ။

ဆရာမက ပြောသွားတယ်။ စကားများမနေနဲ့၊ အိပ်တော့တဲ့။

ဟုတ်ကဲ့ပါ ဘုတ်ဆုံမရယ်၊ ဟုတ်ကဲ့ပါ။

အင်း... ကျွန်တော် နည်းနည်းတောင် အိပ်ချင်လာပြီ။

ဦးလေးကော အိပ်ချင်ပြီလား။

ဦးလေးလဲ အိပ်ချင်အိပ်တော့လေ။ ဒါပေမဲ့ သတိဝီရိယနဲ့တော့ အိပ်နော်။ ရန်သူတွေ ရန်ကုန်ကို သိမ်းမလိုလို သတင်းကြားထားတယ် ဦးလေးရေ။

နောက်ပြီးတော့ ဆိုမာလီဓားပြတွေလာရင်လဲ "ဟော့ကောင်တွေ၊ ဝင်းမြတ်ဇော်က အခု စကြဝတေးမင်းဖြစ်နေပြီ။ မင်းတို့သူ့ကို ယီးတီးယားတား သွားမလုပ်နဲ့"လို့ ဦးလေး သတိပေးလိုက်နော်။ ကျွန်တော်ကတော့ အိပ်တော့မယ်။ ကျွန်တော် အခု သိပ်... အိပ်... ချင်...။

## စဉ်မြဲကာကွယ် မူးယစ်အန္တရာယ်

- ပိုးဖလံမျိုး မီးကိုတိုး၍<br>ကိုယ်ကျိုးနည်းရ များလှပြီ။

- အသိခေါက်ခက် အဝင်နက်၍<br>ကြွေပျက်ရပေါင်း မနည်းပြီ။

- အလွယ်လမ်းဖွေ လွင့်မျောစေ၍<br>ရေတိမ်နစ်ဖူး များလွန်းပြီ။

- မာယာနွံတွင်း နစ်ကျွံဆင်း၍<br>ပျက်ယွင်းသက်ပေါင်း မနည်းပြီ။

- အမှားတွေဆင့် နစ်မျောလွင့်ရင်း<br>ရင်နင့်နှမ်းချိုး မဆုံးပြီ။

- လူသားမျိုးဆက်<br>ညှိုးပျက်မြေခ ကြွေပြုန်းရအောင်<br>သောကလိုက်ပူ ကြွေမြွေဆူအောင်<br>ဘိန်းဖြူမှစ စိတ်ကြွထုံထိုင်း<br>မှုန်မှိုင်းညစ်ထေး တားမြစ်ဆေးများ<br>ဆိုးဝါးရန်ဘေး အန္တရာယ်ပေးနေ<br>သွေးအေးစိန်ခေါ် မာယာသွေး၊<br>သေမင်းတမန် မူးယစ်ဆေး။

- မူးယစ်ရန်ဘေး အမျိုးသားရေးဖြင့်<br>အလေးထားရစ် ချေမှုန်းပစ်လော့<br>မူးယစ်နွံညစ် မကျွံနစ်ဖို့<br>မူးယစ်သားကောင် ဗိတ်လှောင်ဘဝ<br>မကျရောက်အောင် ဝေးဝေးရှောင်မှ<br>လူ့ဘောင်ပြည်ခွင် ဆိပ်ခိုးစင်လျက်<br>ပြုံးရွှင်ကြည်လန်း စဉ်မြဲချမ်းမည်<br>ဝိုင်းဝန်းယှဉ်တွဲ အသိမြဲစွာ<br>စွဲသုံးသယ်ဖြန့် ထုတ်လုပ်တန့်အောင်<br>တပ်လှန့်နှင်ကာ ပြတ်သားစွာလျှင်<br>တာဝန်သိလို့ မျိုးဆွေတို့၊<br>မူးယစ်ရန်စွယ် ကင်းဝေးဖို့၊<br>စဉ်မြဲရှောင်ရှား တိုက်ဖျက်စို့။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အမွေထိန်းလက်မှတ်စာလျှောက်ထားရာတွင် သတိပြုဆင်ခြင်

**စိန်လှိုင်ဖိုလ်**

မြန်မာမှုနယ်ပယ်တွင် အမွေဆက်ခံခြင်းနှင့် ပတ်သက်၍ ဓလေ့ထုံးတမ်းအပါအဝင် ဥပဒေပြဋ္ဌာန်းချက်များသည် လွန်စွာမှပင် နက်နဲသိမ်မွေ့ပါသည်။ အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းအပေါ် အထူးအယူခံခုံရုံးက စီရင်ဆုံးဖြတ်ထုံးဖွဲ့ထားသော အမှုတစ်ခုသည် ပြည်သူအများနှင့် ဥပဒေသမားများအားလုံးအတွက် သိသင့်သိထိုက်သည့်အတွက် ရေးသားတင်ပြပါဦးမည်။ အမွေရှင်ကွယ်လွန်ပြီး နှစ်ကာလကြာရှည်မှ အမွေထိန်းလက်မှတ်လျှောက်ထားသည့်အမှုများတွင် ဆင်ခြင်စဉ်းစားရန်ဖြစ်ပါသည်။

ကွယ်လွန်သူ ဒေါ်အင်ဘာမီယာမရင်၏ သားသမီးများမှာ ဒေါ်ဖွားသန့်၊ ဒေါ်ရွှေညာဏ်၊ ဦးစိုင်းကျော်မြင့်နှင့် ဦးသောင်းညွန့် တို့ဖြစ်ကြသည်။ ယခုအမှုတွင် လျှောက်ထားသူ ဦးစိုင်းကျော်လှသည် ကွယ်လွန်သူ ဒေါ်အင်ဘာမီယာမရင်၏ သားဖြစ်သူ ဦးစိုင်းကျော်မြင့်၏ သားတစ်ဦးဖြစ်၍ ကွယ်လွန်သူ၏ မြေးဟု အဆိုပြုပြီး အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားလွှာနှင့်အတူ လားရှိုးမြို့ ရပ်ကွက်(၄) နယ်မြေ(၂) မန္တလေးလမ်း အကွက်အမှတ် (၅၂) ဗမာရပ်ကွက် ဦးပိုင်အမှတ်(၅၁) မြေချိန်ဧရိယာ(၀.၁၇၀)ဧက၏ ဂရန်ရှင် အမည် ဒေါ်အင်ဘာမီယာမရင် အမည်ပါ မြေစာရင်းပုံစံ ၁၀၆ (မိတ္တူ) တစ်စောင်ကို သက်သေခံ-က အဖြစ် ပူးတွဲတင်ပြထားသည်။ ဂရန်ရှင်၏ အမည်ဖော်ပြချက်ဇယား၌ ၁၉၄၇ ခုနှစ်တွင် ဂရန်ရှင်အမည် ဒေါ်အင်ဘာမီယာမရင်၊ ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ဂရန်ရှင်အမည် ဦးသက်ဝေ (၁၀) နှစ်ဂရန်၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ဂရန်ရှင်အမည် ဦးတင်မြိုင်(ခ) စိုင်းပြူး၊ ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်ထိ ၁၀ နှစ်ဂရန်ဖြင့်ပါရှိသည်။

လားရှိုးခရိုင်တရားရုံး ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-(၁၁)တွင် ဦးစိုင်းကျော်လှက ဦးသက်ဝေပါ ၆ ဦးတို့အပေါ် အမွေထိန်းလက်မှတ်စာရလိုကြောင်း လျှောက်ထားခဲ့ရာ အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ-၂၁၈ အရ အမွေထိန်းစာ ထုတ်ပေးသည့် အမိန့်ချမှတ်ခဲ့ပါသည်။

၎င်းအမိန့်ကို ရှမ်းပြည်နယ်တရားလွှတ်တော်သို့ ဦးသက်ဝေပါ ခြောက်ဦးတို့က ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေအယူခံမှုအမှတ်-(၃၁)ဖြင့် အယူခံဝင်ရာ အောင်မြင်မှုမရရှိခဲ့ပါ။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ၂၀၂၁ ခုနှစ် တရားမပြင်ဆင်မှုအမှတ်(၂၆၀) ဖြင့် လျှောက်ထားရာ ပြင်ဆင်မှုကို ခွင့်ပြုပြီး ဦးစိုင်းကျော်လှ၏ အမွေထိန်းလက်မှတ်စာ ရလိုကြောင်း လျှောက်ထားမှုကို ပလပ်လိုက်ပါသည်။

ဦးစိုင်းကျော်လှက အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၂၂ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ်(၂၅၀)တွင်လျှောက်ထားသောအခါ အောက်ပါ ပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

"ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဦးစိုင်းကျော်လှက အမွေထိန်းစာလျှောက်ထားချိန်တွင် သက်သေခံ-က မြေစာရင်းပုံစံ ၁၀၆ ၌ ဒေါ်အင်



ဘာမီယာမရင် ဂရန်အမည်ပေါက်ခြင်းမရှိကြောင်း ထင်ရှား၍ အမွေထိန်းလက်မှတ်စာ လျှောက်ထားမှုကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ"

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အချင်းဖြစ်မြေတွင် ၁၉၄၇ ခုနှစ်က ဒေါ်အင်ဘာမီယာမရင် အမည်ဖြင့် ဂရန်ရှင် အမည်ရှိခြင်း၊ တရားရုံးချုပ်၏ ၂၀၀၉ ခုနှစ်၊ တရားမအထူးအယူခံမှု အမှတ်(၁၆၊ ၁၇)တို့၏ စီရင်ချက်နှင့် ဒီကရီတို့သည် အတည်ဖြစ်နေခြင်း၊ အချင်းဖြစ်မြေဂရန်သက်တမ်းကုန်နေခြင်းတို့ကြောင့် ဦးစိုင်းကျော်လှသည် အချင်းဖြစ်မြေကို ဘွားအေပိုင်ပစ္စည်းဟုအဆိုပြု၍ အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ပေသည်။

အမွေရှင်ကွယ်လွန်သည်နှင့် တစ်ပြိုင်တည်း ပစ္စည်းစီမံခန့်ခွဲရန် ကွယ်လွန်သူ ရရန်ရှိသော ကြွေးမြီကောက်ခံနိုင်ရေး ကွယ်လွန်သူက ပေးရန်ရှိသည်ကို ပေးအပ်နိုင်ရေးတို့အတွက် ကွယ်လွန်သူ၏ အမွေဆက်ခံထိုက်သူမှ အမွေထိန်းလက်မှတ်စာ ရရှိရန် လျှောက်ထားနိုင်သည်။

အမွေထိန်းစာ လျှောက်ထားသည့်အမှုတွင် သက်ဆိုင်ရာတရားရုံးက ၎င်းပစ္စည်းများကို ထိန်းသိမ်းရန် လို၊ မလို၊ လျှောက်ထားသူသည် လျှောက်ထားပိုင်ခွင့် ရှိ၊ မရှိ၊ လျှောက်ထားသူအား အမွေထိန်းစာထုတ်ပေးသင့်၊ မသင့်ကိုသာ ဆုံးဖြတ်ရပြီး လျှောက်လွှာတွင် ဖော်ပြထားသောပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသည်၊ မရှိသည်ကို ဆုံးဖြတ်ခွင့် မရှိကြောင်း **ဦးလှသန်းနှင့် ဒေါ်ကျင်နု အမှု ၁၉၇၄ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၃၂** ကို ရည်ညွှန်းခဲ့ပါသည်။

အမွေရှင် ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် အမွေပစ္စည်းများကို စီမံခန့်ခွဲရန်အကြောင်း ပေါ်ပေါက်သည်ဖြစ်၍ အမွေထိန်းလက်မှတ်စာကို အမွေရှင်ကွယ်လွန်ပြီးနောက် ချက်ချင်းလျှောက်ထားခြင်းများရှိသကဲ့သို့ အချိန်ကာလကြာမြင့်ပြီးမှ လျှောက်ထားခြင်းမျိုးလည်းရှိပေသည်ဟု ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။ အမွေထိန်းလက်မှတ်စာလျှောက်ထားခြင်းတွင် ကွယ်လွန်သူ ကျန်ရစ်သောပစ္စည်းအပေါ်အခြေခံ၍လျှောက်ထားရခြင်းဖြစ်သည်။ အမွေရှင်ကွယ်လွန်ပြီး နှစ်ကာလကြာမြင့်လာပါက အမွေပစ္စည်းသည် ပြောင်းလဲမှုရှိတတ်ပေသည်။ သို့ဖြစ်ရာ အမွေရှင်ကွယ်လွန်သည့် နှစ်ကာလကြာရှည်မှ အမွေထိန်းလက်မှတ်စာလျှောက်ထားသည့် အမှုများတွင် ဖော်ပြပါပစ္စည်းကို စီမံခန့်ခွဲရန်သို့မဟုတ် ထိန်းသိမ်းရန် လို၊ မလို လျှောက်ထားသူကို အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် သင့်၊ မသင့် စိစစ်ရန်အတွက် လျှောက်ထားလာသည့်အချိန်၌ အဆိုပါပစ္စည်းသည် အမွေရှင်နှင့် သက်ဆိုင်သော ပစ္စည်းဖြစ်ကြောင်း၊ ထိုပစ္စည်းပေါ်ရှိ အခွင့်အရေးသည်လည်း တည်ရှိလျက်ရှိကြောင်း ထင်ရှားမြင်သာမှုရှိရမည်ဖြစ်ကြောင်း အထူးအယူခံရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အမှုတွင် ဦးစိုင်းကျော်လှ အဆိုပြုသည့် အချင်းဖြစ်မြေသည် အဘွားဖြစ်သူ အမည်ဖြင့် ဂရန်အမည်ပေါက်ခဲ့ရာမှ အခြားသူနှစ်ဦးအမည်ဖြင့် ဂရန်ရှင်အမည်များ ပြောင်းလဲသွားခြင်း၊ ဂရန်ရရှိသူ ဦးတင်မြိုင်(ခ)စိုင်းပြူးနှင့် အချင်းဖြစ်မြေပေါ်နေထိုင်သူတို့အကြား တရားမမှုခင်းများ ဖြစ်ပွားနေခြင်းတို့ကြောင့် အမွေထိန်းလက်မှတ်စာလျှောက်ထားသည့်အချိန်တွင် ဒေါ်အင်ဘာမီယာမရင်နှင့်သက်ဆိုင်သော ပစ္စည်းဖြစ်ကြောင်း၊ ပစ္စည်းအပေါ် အခွင့်အရေးဆက်လက် တည်ရှိနေကြောင်း ကောက်ယူ၍မရရှိနိုင်သေးသည့် အခြေအနေတွင် ဦးစိုင်းကျော်လှကို အမွေထိန်းလက်မှတ်စာထုတ်ပေးရန် သင့်မည်မဟုတ်ကြောင်း ရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အချင်းဖြစ်မြေသည် အဘွားဖြစ်သူ ဒေါ်အင်ဘာမီယာမရင် အမည်ဖြင့် ဂရန်အမည်ပေါက်ရှိသည်ကို မတင်ပြနိုင်ခြင်း၊ အခြားသူနှစ်ဦးအမည်ဖြင့် ဂရန်အမည်ပေါက်ခဲ့ခြင်း၊ ထိုသို့ ဂရန်အမည်ပေါက်သူ ဦးတင်မြိုင်(ခ) စိုင်းပြူးနှင့် မြေပေါ်တွင် လက်ရှိနေထိုင်သူတို့အကြား တရားမမှုများဖြစ်ပွားခဲ့ရာ အနိုင်ဒီကရီမရရှိခဲ့သည့်အခြေအနေတွင် ဦးစိုင်းကျော်လှက အချင်းဖြစ်မြေကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သော အဘွားဖြစ်သူ၏အမွေကို ဆက်ခံခွင့်ရှိသည့် မြေးဖြစ်သည်ဟု အဆိုပြုကာ အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ အမွေထိန်းစာ လျှောက်ထားလာမှုအပေါ် ခွင့်မပြုကြောင်း သုံးသပ်၍ လျှောက်ထားမှုကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်မညီဟု မဆိုနိုင်ကြောင်း အထူးအယူခံရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

သို့အတွက် ကြားနာခဲ့သောပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးစိုင်းကျော်လှ အမွေထိန်းစာ လျှောက်ထားချိန်တွင် သက်သေခံ-က မြေစာရင်းပုံစံ ၁၀၆ ၌ ဒေါ်အင်ဘာမီယာမရင်အမည်ဖြင့် ဂရန်အမည်ပေါက်ခြင်းမရှိကြောင်းထင်ရှား၍ အမွေထိန်းလက်မှတ်စာ လျှောက်ထားမှုကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း၊ ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။ **၂၀၂၃ ခုနှစ်၊ တရားမ အထူးအယူခံမှု အမှတ်(၂)ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။**

# မြဝတီမြို့နယ် ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး



**မြဝတီ ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်လုံးကြီးကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

ကိုသက်

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကသာ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၇၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၁၁၉ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၄၂၀၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၈ ဧက နှင့် ဗန်းမောက်မြို့နယ်တွင် ၈၁၇ ဧက စုစုပေါင်း ၂၃၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၁၇၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၂၃၈၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီ ဈေးကွက်တွေ အရောင်းအဝယ် ကောင်းဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးတာတွေရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ အရောင်းအဝယ်ကောင်းစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားသိုနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်း ကြက်သွန်နီ ဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ရွှာင်မြို့နယ် ကျောက်ကူပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှာင် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှာင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်ကူပြင် ကျေးရွာအုပ်စု ကျောက်ကူပြင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှာင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်မိုးက ကျောက်ကူပြင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့်ငွေကြေး အရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၀၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျောက်ကူပြင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၉ ဦးကို ငွေကျပ် သိန်း ၂၇၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် သိန်း ၂၁၀နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၂၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်၆၀၅သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ခုနှစ် ဒီဇင်ဘာလအတွင်း ခုံးစိမ်းပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ခုံးစိမ်းပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် သဘာဝ အတိုင်းဖမ်းယူရရှိသည့် ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ခုံးစိမ်းပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ခုံးစိမ်းပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ဘက်က ခုံးစိမ်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဇင်ဘာလအတွင်း ခုံးစိမ်းပိသာချိန်အများအပြား အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ ဖျာပုံမြို့နယ်ဘက်က ခုံးစိမ်းတွေအပြင်ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေကို သဘာဝအတိုင်း ရှာဖွေ ဖမ်းယူရရှိကြတာဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ခုံးစိမ်းနှင့် အခြားရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်အပြင် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ခုံးစိမ်းတစ်ပိသာလျှင် ငွေကျပ် ၂၆၅၀၀ ထိ ပေါက်ဈေးရှိကြောင်း အဆိုပါ သိရသည်။



**ကျော်ကျော်လင်း**

# ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဒရယ်ကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ဒရယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဒရယ်ကျေးရွာ၌ အရှည်ပေ ၆၀၊ အကျယ် ၁၆ပေ၊ အမြင့် ရှစ်ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၄၂ ဒသမ ၁၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် မိုးပြည့်ဟိန်းကုမ္ပဏီမှ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိသာ ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆည်ကြီး ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိ အခြေအနေများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၂၁ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၁ ဒသမ ၁သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


ကိုဗစ် -၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းက အောင်မြင်ခြင်း၏အစ

**လင်းလက်**

❖ မိမိကိုယ်ကို ယုံကြည်မှုသည် ဘဝဟူသော ပင်လယ်ပြင်ကို ဖြတ်သန်းရာတွင် ကြုံတွေ့ရမည့်လောကဓံလှိုင်းတံပိုးတို့ကို မတုန်မလှုပ်ရင်ဆိုင်ကျော်ဖြတ်နိုင်စေမည့် မဟာဗျူဟာမြောက် လက်နက်တစ်ခုပင်ဖြစ်သည်။ မိမိတွင် ရှိပြီးသားအရည်အချင်းများကို ယုံကြည်ခြင်း၊ အားနည်းချက်များကို ပြင်ဆင်ခြင်းနှင့် မိမိလုပ်နိုင်သည်ဆိုသော အပြုသဘောဆောင်သည့်အောင်စိတ်ကို အမြဲရှင်သန်စေခြင်းဖြင့် အောင်မြင်မှုပန်းတိုင်ဆီသို့ မယိမ်းမယိုင်လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ ❖

**မိမိကိုယ်သာ အားထားရာ**

ဘဝအောင်မြင်မှုကို ရယူပိုင်ဆိုင်နိုင်ရေး ကြိုးစားရာတွင် ကိုယ်ရည်ကိုယ်သွေး၊ ပညာရေး၊ ငွေကြေး စသည်တို့က အခရာကျလှသည်ဟု လူအများစုက ထင်မှတ်မှားမိကြသည်။ မည်မျှပင် အရည်အချင်းရှိစေကာမူ စိတ်ခွတ်ခိုင်မာမှုမရှိ၊ မိမိကိုယ်ကို ယုံကြည်မှုမရှိဘဲ အခက်အခဲများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ဘဝသည် ကားတစ်စီးမောင်းနှင်ရသည်နှင့် တူသည်ဟုဆိုပါလျှင် ကားတစ်စီးတွင်ရှိသင့်သော အင်္ဂါရပ်များ ပြည့်စုံနေပါသော်လည်း လောင်စာဆီမရှိက မောင်းနှင်၍ မရနိုင်ပေ။ မိမိဘဝကို မိမိမောင်းနှင်နိုင်ရေးကြိုးစားရာတွင်လည်း လောင်စာဆီနှင့်တူသည့် မိမိကိုယ်ကို ယုံကြည်မှုရှိရန်လိုသည်။ ဘဝခရီးလမ်းလျှောက်လှမ်းနိုင်ရေးအတွက် လိုအပ်သည့်အတွေ့အကြုံ၊ ပညာရေး၊ ငွေကြေး စသည်တို့ရှိနေသော်လည်း မိမိကိုယ်ကို ယုံကြည်မှုမရှိပါက ဘဝအောင်မြင်မှုကို ရနိုင်မည်မဟုတ်ပေ။

လူ့ဘဝအစ လမ်းလျှောက်သင်ခါစအရွယ်တွင် မိဘအုပ်ထိန်းသူများက ရပ်နိုင်ပေဆိုသည့် စကားဖြင့် မည်မျှပင် အားပေး၊ ကူညီထိန်းသိမ်းပေးစေကာမူ မိမိကိုယ်ကို ယုံကြည်မှုနှင့် စိတ်အားထက်သန်မှုတို့ဖြင့်သာ လမ်းလျှောက်ခြင်းအတတ်ကို တတ်မြောက်ရခြင်းဖြစ်သည်။ ဘဝခရီးလမ်းလျှောက်လှမ်းရာတွင်လည်း မိမိကို ကူညီဖေးမလမ်းပြပေးမည့်သူ၊ အခက်အခဲဖြစ်တိုင်း ကူညီပေးမည့်သူ စသည်ဖြင့် ပတ်ဝန်းကျင်က မည်မျှပင် ကူညီအားပေးစေကာမူ မိမိကိုယ်ကို ယုံကြည်မှုမရှိဘဲ မအောင်မြင်နိုင်ပေ။ အရာရာကို မိမိဘာသာပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်ဆိုသည့်စိတ်ရှိရန်လိုသည်။ အခြားသူများအပေါ်တွင် မှီခိုလိုစိတ်လွန်ကဲသွားသည့်အခါ ရှိသင့်ရှိထိုက်သော မိမိကိုယ်ကို ယုံကြည်မှုပျောက်ကွယ်သွားနိုင်သည်။ ဘဝသည် မွေးကတည်းက တစ်ဦးတည်းဖြစ်သဖြင့် ဘဝတိုက်ပွဲဆင်နွှဲရာတွင်လည်း မိဘဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်း၊ မိသားစုဝင်တို့သည် မိမိ၏အနားတွင် ထာဝရရှိနေမည်မဟုတ်သဖြင့် မိမိကိုယ်သာအားကိုးရာအဖြစ် သတ်မှတ်ကြိုးစားသင့်ပေသည်။

**ယုံကြည်စွာနှင့်လျှောက်လှမ်း**

ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် ဇနကထုံးနှလုံးမူရန်လိုသည်။ သင်္ဘောပျက်ကာ ပင်လယ်ပြင်အတွင်း ရေနစ်ပြီး သေရမည့်ဘေးကို လူတိုင်းက တွေးတောပူပန်ငိုကြွေးနေသည့်အချိန်တွင် ဘုရားအလောင်းဇနကမင်းသားကမူ မိမိကိုယ်ကို ယုံကြည်မှုဖြင့် ပင်လယ်ပြင်အတွင်း ခုန်ဆင်းကာ လက်ပစ်ကူးခဲ့သည်။ အသက်နှင့်ရင်းရသော စိန်ခေါ်မှုကို ရင်ဆိုင်နေရသည့်အချိန်တွင် လက်မှိုင်ချတွေဝေနေမှုမရှိဘဲ လုံ့လဝီရိယဖြင့် ကြိုးစားကြည့်မည်ဆိုပါက စိန်ခေါ်မှုတိုင်းကို ရင်ဆိုင်နိုင်မည့်သတ္တိများ ပေါ်ထွက်လာမည်ဖြစ်သည်။ ယုံကြည်မှုရှိသည့်အခါ မိမိလျှောက်ချင်သောလမ်းကို တန်းတန်းမတ်မတ် လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

မိမိကိုယ်ကို ယုံကြည်မှုရှိသူသည် ဆုံးဖြတ်ချက်များကို ခိုင်ခိုင်မာမာနှင့် မှန်မှန်ကန်ကန် ချမှတ်နိုင်သည်။ ယုံကြည်မှုမရှိသူသည် ပင်လယ်ပြင်အတွင်း သံလိုက်အိမ်မြှောင်မပါဘဲ မောင်းနှင်နေသည့် သင်္ဘောတစ်စီးနှင့်တူသည်။ ဦးတည်ရာမဲ့နေတတ်ပြီး ကြုံလာရနိုင်သော လောကဓံမုန်တိုင်းနှင့် ရေလှိုင်းတို့အောက်သို့သာ ဘဝက ရောက်ရှိသွားမည်ဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုရှိသူသည် အရာရာကို ဆုံးဖြတ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြွံ့ကြာမှုမရှိဘဲ အချိန်ကိုက်ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ ဆုံးရှုံးမှုဆိုသည့် အတွေးမျိုးကို အတွေးစိတ်ကူးထဲ၌ပင် လက်သင့်မခံဘဲ အရာရာကို အောင်မြင်နိုင်ပါသည်ဆိုသည့် အောင်စိတ်ဝင်သွားမည်ဖြစ်သည်။ ဘဝကို စိတ်ကသာ ဦးဆောင်သဖြင့် မိမိကိုယ်ကို ယုံကြည်မှုဖြင့် အောင်စိတ်ထားရှိနိုင်သူသည် အောင်မြင်ခြင်းပန်းတိုင်ကို လွယ်လင့်တကူ ရရှိနိုင်မည်ဖြစ်သည်။

**အောင်မြင်မှုအတွက် အားဆေးတစ်ခွက်**

ဘဝအောင်မြင်မှုသည် မိမိလုပ်နိုင်သည်ဆိုသည့် အပြုသဘောဆောင်သောအတွေး၊ အောင်စိတ်ထားရှိနိုင်သူများအတွက်သာဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုရှိသူသည် အရာရာတွင် ဆုံးဖြတ်ချက်များက ပြတ်သားနေတတ်သဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်သူများ၏ ယုံကြည်မှုကို အလွယ်တကူ တည်ဆောက်နိုင်သည်။ မိမိကိုယ်ကို ယုံကြည်မှုအားနည်းနေမည်ဆိုပါက လန်းဆန်းတက်ကြွမှုမရှိဘဲ အခြားသူများကလည်း မိမိနှင့်လက်တွဲဆောင်ရွက်ရန် ယုံကြည်မှုရှိတော့မည်မဟုတ်ပေ။ အခြားသူများ၏ ယုံကြည်မှုမရနိုင်သည့်အခါ ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းရပ်များအားလုံးက အောင်မြင်မှုရရှိရန် မဖြစ်နိုင်တော့ပေ။

ယုံကြည်မှုသည် အောင်မြင်မှု၏ ရလဒ်ဖြစ်ရုံသာမက အောင်မြင်မှုဆီကို သွားသည့်လမ်းပြမြေပုံလည်းဖြစ်သည်။ ယုံကြည်မှုသည် စိန်ခေါ်မှုတိုင်းကို လွယ်လင့်တကူ ရင်ဆိုင်ကျော်ဖြတ်နိုင်သည့် အကောင်းဆုံးသော လက်နက်တစ်ခုလည်းဖြစ်သည်။ ယုံကြည်မှုသည် အရာရာကိုရင်ဆိုင်ရဲသည့် ဖွဲ့နှင့် သတ္တိကို ဖြစ်စေသည်။

မိမိတို့အနေဖြင့် ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် အခက်အခဲများကြုံတွေ့ရချိန်၌ မိမိရင်တွင်းမှ ပညာလက်နက်ကုန်ပြီလားဆိုသည်ကို ပြန်မေးသင့်သည်။ အပြင်ပန်းလက်နက်များ ကုန်ဆုံးသွားသော်လည်း ရင်တွင်း၌မိမိလုပ်နိုင်သည်ဆိုသော မိမိကိုယ်ကိုယုံကြည်မှုလက်နက်ရှိနေသရွေ့ မည်သည့် အခက်အခဲကိုမဆို အောင်မြင်နိုင်မည်မှာ အမှန်ပင်ဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုသည်သာ အောင်မြင်ခြင်း၏ အစဦးဖြစ်သကဲ့သို့ အောင်မြင်မှုဟူသော ပန်းတိုင်သို့မရောက်မချင်း တွန်းအားပေးနေမည့်မကုန်ခန်းနိုင်သောစိတ်၏ ခွန်အားလောင်စာဆီတစ်ရပ်လည်းဖြစ်ပေသည်။ အတ္တာဟိ အတ္တနော နာထော ဆိုသည့်ဘုရားဟော တရားများနှင့်အညီ ဘဝအခက်အခဲများကို မိမိကိုယ်ကိုယုံကြည်မှုဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်သည်။

**ယုံကြည်မှုများ ပျောက်ဆုံးပါက**

မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံးသွားသည့်အခါ ဘဝခရီးလမ်းပန်းတိုင်များကလည်း ပျောက်ဆုံးသွားတတ်သည်။ ပျောက်သောလမ်းမှာ စမ်းတဝါးဝါး ဆိုသည့် စကားကဲ့သို့ပင် လောကဓံရိုက်ချက်တိုင်း၏ အောက်တွင် လည်စင်းကာ မရှုမလှကျရှုံးရမည်ဖြစ်သည်။ ယုံကြည်မှုကို ပျောက်ဆုံးစေသော အချက်များအနက် အဓိကအချက်မှာ စစ်မရောက်မီက မြားကုန်ဆိုသည့်စကားနှင့်အညီ တစ်ခုခုကို မလုပ်မီ၊ မအောင်မြင်မီမှာ ကြောက်ရွံ့ခြင်းပင်ဖြစ်သည်။ လူကိုစိတ်ကဦးဆောင်သဖြင့် အောင်စိတ်ပျောက်ဆုံးသွားသည့်အခါ မလုပ်ရသေးသည့်အလုပ်အတွက် ဆုံးရှုံးရမည်ကို ကြိုတင်တွေးဆကြောက်တတ်ရခြင်း ဆိုသည့်ရှုံးစိတ်ဝင်သွားတတ်သဖြင့် သတိပြုအပ်သည်။ အောင်မြင်မှုကို ကြိုတင်မြော်တွေး၍ ရှုံးနိမ့်ပါက မည်သို့လုပ်ရမည်ဆိုသည့်အချက်ကို ကြိုတင်ပြင်ဆင်ထားသင့်သော်လည်း မလုပ်မီကတည်းက ရှုံးမည်ဆိုသည့်စိတ်မရှိရန် တော့လိုသည်။

ယုံကြည်မှုကို ပျောက်ဆုံးစေသည့်အခြားသော အချက်တစ်ချက်မှာ အခြားသူများ၏ အောင်မြင်မှုကို ကြည့်၍ မိမိနှင့်နှိုင်းယှဉ်မိခြင်းပင်ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦးသည် ဘဝပေးအခြေအနေ၊ ကံပေးအခြေအနေ၊ လက်ရှိအခြေအနေ၊ မိသားစုအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေ စသည်ဖြင့် အခြေအနေချင်းက မတူညီကြပေ။ မိမိရှေ့တွင် မြင်နေရသော အောင်မြင်သူများကို ကြည့်ပြီး "သူတို့ကျအောင်မြင်သွားပြီ။ ကိုယ်က ဘာလို့ ကျန်နေသေးတာလဲ" ဆိုသည့်စိတ်ခွတ်ကျအားငယ်စိတ်များဝင်လာမည်ဆိုပါက မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံးသွားနိုင်သည်။ ထိုအခါ မိမိကိုယ်ကို အဆိုးမြင်စိတ်များ ဖြစ်ပေါ်လာတတ်သည်။ မိမိသည် ဘာမှအသုံးမကျသူ၊ ဘယ်သူ့လောက်မှ မတော်သူ၊ သူ့လောက်တောင်မလုပ်နိုင်ဘူး စသည်ဖြင့်မိမိကိုယ်ကို အပြစ်တင်ရင်းဖြင့် ယုံကြည်မှုများ အဝေးကို ထာဝရထွက်ပြေးသွားတတ်သည်။

**ယုံကြည်မှုကို တိုးစေသောအရာ**

မိမိကိုယ်ကို ယုံကြည်မှုတိုးတက်လာစေရေးအတွက် မိမိ၏လက်ရှိအခြေအနေကို မှန်မှန်ကန်ကန် နားလည်လက်ခံထားရမည်ဖြစ်သည်။ ဘဝပေးအခြေအနေ၊ မိသားစုအခြေအနေ စသည့်မိမိပြင်၍မရသော အခြေအနေများကို နားလည်လက်ခံထားရန်လိုသည်။ မိမိတွင်ရှိသော စွမ်းအားဖြင့် အစွမ်းကုန်ကြိုးစားကာ ရထားသည့်အောင်မြင်မှုကလေးများကို ရှာဖွေ၍ မိမိကိုယ်ကို ချီးကျူးထောမနာပြုမိရန်လိုသည်။ အခြားသူများက မိမိအနားတွင် အားပေးရန်မရှိဖြစ်နေစေကာမူ မိမိ၏လက်နှစ်ဖက်ဖြင့် ကိုယ်တိုင်လက်ခုပ်တီးအားပေးရန်လိုသည်။ သို့မှသာ မိမိလုပ်နိုင်ပါသည်ဆိုသော အောင်စိတ်လေးများ နှလုံးသားတွင် အစဉ်ထာဝရကိန်းအောင်းသွားမည်ဖြစ်သည်။

လူတိုင်းတွင် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိသည်။ ကိုယ့်မျက်ချေး ကိုယ်မမြင်ဆိုသည့် စကားကဲ့သို့ပင် လူတို့သည် မိမိ၏အားနည်းချက်များကို ပြန်ကြည့်ရန် တိုက်တွန်းလိုသည်။ အားနည်းချက်ကို မသိသည့်အခါ ကြုံလာသည့် အခက်အခဲတိုင်းကို ရင်ဆိုင်ရာတွင် နှောင့်နှေးကြွံ့ကြာနေတတ်သည်။ ထိုအခါ ရှေ့မရောက်တော့သဖြင့် မိမိကိုယ်ကို ယုံကြည်မှုများ ပျောက်ကွယ်သွားတတ်သည်။ မိမိတွင်ရှိသော အားနည်းချက်များကို ရှာဖွေထားပြီး အားသာချက်အဖြစ်ပြောင်းလဲနိုင်အောင် ကြိုးစားသင့်ပေသည်။ အသိပညာဗဟုသုတများ ရှာဖွေထားခြင်းကလည်း မိမိကိုယ်ကို ယုံကြည်မှုကို တိုးပွားစေသည်။ လက်တွေ့မသိသော်လည်း စာတွေ့နှင့် ဗဟုသုတများက အချို့သော အခက်အခဲများကို ကျော်လွှားစေနိုင်မည်ဖြစ်သည်။ နှလုံးသားအာဟာရကို ဖြစ်စေသည့်စာပေများကို ဖတ်ရှုခြင်းဖြင့် စိတ်ခွတ်ခွန်အားရစေနိုင်ပြီး မိမိကိုယ်ကို ယုံကြည်မှုတိုးပွားစေနိုင်သည်။

**အလှပဆုံး ခြယ်မှုန်းပါ**

မိမိကိုယ်ကို ယုံကြည်မှုသည် မွေးရာပါအရည်အချင်းတစ်ခုမဟုတ်ပေ။ ကိုယ်တိုင်ကြိုးစားလေ့ကျင့်တည်ဆောက်ယူရသည့် အရာဖြစ်သည်။ လောကဓံထိုးနှက်ချက်တိုင်းကို မတုန်မလှုပ်ရင်ဆိုင်ရဲသည့် သတ္တိရှိနိုင်မှသာ ဘဝအောင်မြင်မှုကို ရယူနိုင်မည်ဖြစ်ပြီး ထိုသတ္တိကို မွေးထုတ်ပေးနိုင်သည်ကလည်း မိမိကိုယ်ကို ယုံကြည်မှုပင်ဖြစ်သည်။ မိမိကိုယ်ကိုယုံကြည်မှုကို တည်ဆောက်ရာတွင် မိမိ၏ပကတိအခြေအနေမှန်ကို သိရှိရန်လိုအပ်ပြီး မိမိ၏ အားသာချက်၊ အားနည်းချက်များကို အစဉ်သုံးသပ်နေရန်လိုသည်။ မိမိတွင်ရှိသော အားသာချက်များကို သိရှိထားမှသာ အခက်အခဲများကို ရင်ဆိုင်နိုင်မည်ဖြစ်သည်။ အားနည်းချက်များရှိနေပါကလည်း ကြိုးစားပြင်ဆင်ထားရမည်ဖြစ်သည်။ မိမိတွင်ရှိသော အားနည်းချက်များအပေါ်အခြေတည်၍ စိတ်ပျက်အားလျှော့နေခြင်းမရှိဘဲ အရည်အချင်းကို ကြိုးစားတည်ဆောက်နိုင်မှသာ မိမိကိုယ်ကို ယုံကြည်မှုတိုးပွားလာနိုင်မည်ဖြစ်သည်။ ထို့ပြင် မိမိကိုယ်ကိုယုံကြည်မှုရှိရှိဖြင့် ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ကို လက်ကိုင်ထားကာ ဘဝကို ကြိုးစားဖြတ်သန်းနေမှသာ ဘဝအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

မိမိကိုယ်ကို ယုံကြည်မှုသည် ဘဝဟူသော ပင်လယ်ပြင်ကို ဖြတ်သန်းရာတွင် ကြုံတွေ့ရမည့် လောကဓံလှိုင်းတံပိုးတို့ကို မတုန်မလှုပ် ရင်ဆိုင်ကျော်ဖြတ်နိုင်စေမည့် မဟာဗျူဟာမြောက် လက်နက်တစ်ခုပင်ဖြစ်သည်။ မိမိတွင် ရှိပြီးသား အရည်အချင်းများကို ယုံကြည်ခြင်း၊ အားနည်းချက်များကို ပြင်ဆင်ခြင်းနှင့် မိမိလုပ်နိုင်သည်ဆိုသော အပြုသဘောဆောင်သည့် အောင်စိတ်ကို အမြဲရှင်သန်စေခြင်းဖြင့် အောင်မြင်မှုပန်းတိုင်ဆီသို့ မယိမ်းမယိုင် လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုဆိုသော စိတ်၏ခွန်အားလောင်စာဆီကို ဖြည့်တင်းကာ မိမိဘဝ၏ အနာဂတ်ပန်းချီကားကို အလှပဆုံးသော အောင်မြင်ခြင်းဆေးရောင်စုံများဖြင့် စိတ်တိုင်းကျ ခြယ်မှုန်းနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ၊

# NATO နှင့် အမေရိကန်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်သည့် ရုရှား၏ Oreshnik ဒုံးကျည်

ရုရှား-ယူကရိန်းပဋိပက္ခသည် မကြာမီတွင် လေးနှစ်ပြည့်မြောက်မည်ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် အပြန်အလှန်တိုက်ခိုက်မှုများသည် ပြင်းထန်နေဆဲဖြစ်သည်။ ရုရှားသမ္မတအိမ်တော်ဝန်းကျင်ကို ဒရုန်းများဖြင့်တိုက်ခိုက်ရန် ပြုလုပ်မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်က ယူကရိန်းနိုင်ငံ Lviv မြို့ကို ၎င်း၏ Oreshnik တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်အသစ်ဖြင့် ပစ်ခတ်ခဲ့သည်။ ၎င်းတိုက်ခိုက်မှုသည် ယူကရိန်းစစ်မြေပြင်တွင် သက်ရောက်မှုထက် NATO နှင့် အမေရိကန်နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်သည့် ဒုံးကျည်ခြိမ်းခြောက်မှုကို အချက်ပြခြင်းအဖြစ် ကာကွယ်ရေးလေ့လာသုံးသပ်သူများက ပြောဆိုကြသည်။

**Oreshnik ဒုံးကျည်**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရုရှားသည် ၎င်း၏ တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် Oreshnik ကို ယူကရိန်းအနောက်ပိုင်း Lviv မြို့သို့ ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ အတည်ပြုခဲ့သည်။ ထိုပစ်လွှတ်မှုသည် NATO နယ်မြေ၊ အခြေခံအဆောက်အအုံနှင့် ဆုံးဖြတ်ချက်ချသူများကို အန္တရာယ်ဖြစ်စေရန် ဒီဇိုင်းထုတ်ထားသော၊ ဒုံးကျည်စနစ်၏ စနစ်တကျတွက်ချက်ထားသော သရုပ်ပြမှုတစ်ခုအဖြစ်သည် အမေရိကန်နှင့် ဥရောပကာကွယ်ရေးအရာရှိများက ပိုမိုရှုမြင်လာကြသည်။

အကွာအဝေး ကီလိုမီတာ ၅၅၀၀ ကျော်ရောက်ရှိပြီး အသံထက် ဆယ်ဆကျော်လွန်သော အမြန်နှုန်းရှိသည့် Oreshnik ဒုံးကျည်သည် RS-26 Rubezh စီမံကိန်းမှထွက်ပေါ်လာသည့် ဒုံးကျည်ဖြစ်သည်။ ရုရှား၏ ဟိုက်ပါဆောနစ်လက်နက်တိုက်တွင် အရေးကြီးသောနေရာတစ်ခုကို ဖြည့်ဆည်းရန် ဤစနစ်ကို ပြန်လည်အသုံးပြုပြီး အလျင်အမြန် ဖြန့်ကြက်ထားသည်။ ပစ်လွှတ်ချိန်မှ ထိမှန်ချိန်ထိ ဒုံးကျည်သည် ပစ်မှတ်ကို မိနစ် ၂၀ အတွင်း ပစ်ခတ်နိုင်ပြီး အာတိတ်ဒေသများ ရှေ့တန်းသို့ဖြန့်ကြက်ထားသော ရွေ့လျားစနစ်များမှ ပစ်လွှတ်ပါက သီအိုရီအရ အမေရိကန်သို့ ရောက်ရှိနိုင်သည်။ Lviv ကိုတိုက်ခိုက်မှုတွင် ဒုံးကျည်ကို သမားရိုးကျထိပ်ဖူးဖြင့် အသုံးပြုခဲ့သော်လည်း ၎င်း၏တည်ဆောက်မှု ကို နျူကလီးယားထိပ်ဖူးစုံတပ်ကျည် (MIRV) များအပါအဝင် ဒုံးကျည်အမျိုးအစားများစွာကို ပံ့ပိုးရန် မူလကတည်းက ဒီဇိုင်းထုတ်ထားသည်။

Oreshnik ဒုံးကျည်၏ ခြိမ်းခြောက်မှုသည် ၎င်း၏အမြန်နှုန်းတွင်သာမက ၎င်း၏ဖွဲ့စည်းပုံနှင့် လည်ပတ်စနစ်ရှုပ်ထွေးမှုတွင်ပါ တည်ရှိနေသည်။ ဒုံးကျည်သည် ပစ်မှတ်အသီးသီးသို့ ထပ်ဆင့် ခွဲထွက်နိုင်သည့် ဒုံးခြောက်စင်းထိ သယ်ဆောင်နိုင်သည်ဟု ယူဆရပြီး ဒုံးတစ်စင်းစီတွင် ထိပ်ဖူးခွဲခြောက်လုံး တပ်ဆင်နိုင်ကြောင်း သိရသည်။ ဤဖွဲ့စည်းပုံသည် ဒုံးကျည်ကို အလွန်မြန်ဆန်သည့်အလျင်နှင့် ချိန်ရွယ် ပျံသန်းမှုပြည့်နှက်စေခြင်းဖြင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်စေသည်။ ဒုံးကျည်၏ ရွေ့လျားမှုလမ်းကြောင်းနှင့် အနိမ့်ပိုင်းပျံသန်းမှုပုံစံသည် ရေဒါကွန်ရက်များ၊ အထူးသဖြင့် ဥရောပအလယ်ပိုင်းနှင့် ဥရောပအနောက်ပိုင်းကို ကာကွယ်သည့် ကွန်ရက်များအတွက် ကြိုတင်သတိပေးချိန်ကို သိသိသာသာ လျှော့ချပေးသည်။

Oreshnik ဒုံးကျည်ကို ယခင်ရုရှားဒုံးကျည်စနစ်များနှင့် မတူကွဲပြားစေသည့်အရာမှာ အနောက်နိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုကို တားဆီးရာတွင် အဓိကကျသော အခန်းကဏ္ဍဖြစ်သည်။ ဟိုက်ပါဆောနစ်အမြန်နှုန်းနှင့် နျူကလီးယားစွမ်းအားကိုပေါင်းစပ်ထားသောစနစ်ဖြင့် NATO နယ်မြေအတွင်းသို့ နက်ရှိုင်းစွာထိုးဖောက်ဝင်ရောက်နိုင်သော ယုံကြည်စိတ်ချရသည့် တိုက်ခိုက်နိုင်စွမ်းဖြစ်သည်။ ဤသို့ဖြင့် ရုရှားသည် ဒေသတွင်း ပဋိပက္ခနှင့် မဟာဗျူဟာမြောက် ရင်ဆိုင်မှုအကြား နယ်နိမိတ်မြှင့်တင်မှု မူဘောင်တစ်ခုကို တည်ဆောက်လျက်ရှိသည်။ ယူကရိန်းနိုင်ငံ အပေါ်တွင် အမေရိကန်မှ ပံ့ပိုးပေးထားသော Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဖြင့် ကြားဖြတ်ပစ်ချခဲ့သော Kh-47M2 Kinzhal လေကြောင်းမှ ပစ်လွှတ်သည့် ပဲ့ထိန်းဒုံးကျည်နှင့်မတူပေ။ Oreshnik ဒုံးကျည်၏ မြေပြင်မှ ပစ်လွှတ်သည့် ပဲ့ထိန်းဒုံးကျည်ပုံစံ အမြင့်ပိုင်းပျံသန်းနိုင်ခြင်းနှင့် ပိုမိုလေးလံသော လက်နက်ထိပ်ဖူးတင်ဆောင်နိုင်ခြင်းသည် အလွှာလိုက် ဒုံးကျည်ကာကွယ်ရေး တည်ဆောက်မှုများကိုပင် ကျော်လွှားရန် ဒီဇိုင်းထုတ်ထားသော လက်နက်များ၏ ပြောင်းလဲမှုကို ထင်ဟပ်စေသည်။

Oreshnik ဒုံးကျည်၏ စစ်ဆင်ရေးအသုံးပြုမှုသည် နည်းပညာဆိုင်ရာ သရုပ်ပြမှုတစ်ခုသာမက တွက်ချက်ထားသော ပထဝီနိုင်ငံရေးဆိုင်ရာလှုံ့ဆော်မှုတစ်ခုဖြစ်သည်။ စစ်ရေးလေ့လာသုံးသပ်သူများက Oreshnik ဒုံးကျည်သည် အဆုံးအဖြတ်ပေးသော ဒုံးကျည် သို့မဟုတ် ရှိပြီးသားပဲ့ထိန်းဒုံးကျည်အယူအဆများကို အဆင့်မြင့်ပြန်လည်အသုံးပြုခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။ Oreshnik ဒုံးကျည်သည် ပစ်မှတ်များဖျက်ဆီးရန်သာမက မိတ်ဆက်မဟုတ်သော နိုင်ငံ၏ နိုင်ငံရေးစည်းလုံးညီညွတ်မှုကို ဟန့်တားရန်၊ ခြိမ်းခြောက်ရန်၊ ပြိုကွဲစေရန် ဒီဇိုင်းထုတ်ထားသည်။

**တိုးချဲ့ထားသည့် တိုက်ခိုက်ရေးစွမ်းရည်များနှင့် နည်းပညာ**

Oreshnik ဒုံးကျည်၏ ဖျက်ဆီးနိုင်စွမ်းသည် ရှည်လျားသောအကွာအဝေး၊ လေးလံသော ဝန်သယ်ဆောင်မှုနှင့် အဆင့်မြင့်လှုပ်ရှားနိုင်စွမ်းတို့ ပေါင်းစပ်ထားသည်။ ဒုံးကျည်သည် ထိပ်ဖူးများစွာ သို့မဟုတ် ထိပ်ဖူးတပ်ဒုံးငယ်များစွာတွင် ဖြန့်ဝေထားသော လက်နက်အလေးချိန် ၁ ဒသမ ၅ တန်ထိ သယ်ဆောင်နိုင်သည်ဟု ခန့်မှန်းရသည်။ Oreshnik ဒုံးကျည်ဖွဲ့စည်းပုံတွင် ပစ်မှတ်အသီးသီးသို့ ခွဲထွက်သည့် ဒုံးငယ်ခြောက်စင်းသည် ကျယ်ပြန့်သော ဧရိယာတစ်ခုတွင် ပျံ့နှံ့သွားနိုင်ပြီး ဒုံးကျည်တစ်စင်းသည် လေယာဉ်ကွင်းများ၊ အမိန့်ပေးထိန်းချုပ်သည့် ပစ်မှတ်များ၊ ရေဒါတပ်ဆင်မှုများနှင့် အရေးကြီးသော အခြေခံအဆောက်အအုံများကဲ့သို့သော ရည်မှန်းချက်များစွာကို ထိမှန်စေနိုင်သည်။

တစ်နာရီလျှင် ကီလိုမီတာ ၁၂၀၀၀ မှ ၁၄၀၀၀ ကြား အမြန်နှုန်းဖြင့် ပျံသန်းရောက်ရှိနိုင်သော ဒုံးကျည်သည် မတ်စောက်ပြီး ကွဲပြားသောလမ်းကြောင်းများတွင် ပြန်လည်ဝင်ရောက်ခြင်းမပြုမီ လေထုထဲမှ ထွက်ခွာသွားသည်။ ဤပျံသန်းမှုပုံစံသည် အနိမ့်ပိုင်းနှင့် အလယ်အလတ်အမြင့်ရှိ ကြားဖြတ်စနစ်များစွာကို ကျော်လွှားနိုင်စေသည်။ ရလဒ်အနေဖြင့် ၎င်းတို့၏နယ်နိမိတ်များတွင် လည်ပတ်မည့်အစား သိပ်သည်းပြီး ပေါင်းစပ်ထားသော လေကြောင်းရန် ကာကွယ်ရေးဇုန်များကို ထိုးဖောက်ဝင်ရောက်ရန်အတွက် အကောင်းဆုံးဖြစ်စေရန် ပြုလုပ်ထားသော စနစ်တစ်ခုဖြစ်လာသည်။

နျူကလီးယားဖွဲ့စည်းပုံတွင် Oreshnik ဒုံးကျည်သည် ပထမဆုံးတိုက်ခိုက်နိုင်သော လက်နက်တစ်ခုဖြစ်လာသည်။ ထိပ်ဖူးတစ်ခုစီက သီးခြားစီ ပစ်မှတ်ထားနိုင်ပြီး ခန့်မှန်းခြေအားဖြင့် ကီလိုမီတာ ၁၀၀ မှ ၃၀၀ ထိ ဆက်လက်ပျံသန်းနိုင်သည်။ ဒုံးကျည်တစ်ခုတည်းသည် ခိုင်မာသော NATO လေတပ်စခန်း၊ အဓိကထောက်ပံ့ပို့ဆောင်ရေးဗဟိုချက် သို့မဟုတ် အဆင့်မြင့်ကွပ်ကဲရေးဌာနတစ်ခုကို အနည်းဆုံးသတိပေးချက်ဖြင့် ဖျက်ဆီးနိုင်ပြီး ကာကွယ်ရေးတုံ့ပြန်မှုအတွက် နည်းလမ်းမရှိဖြစ်စေသည်။

**ရုရှား၏ ဒုံးကျည်ဆန်းသစ်တီထွင်မှု ပိတ်ဆို့အရေးယူမှုများအောက်**

ရုရှား၏ကာကွယ်ရေးနှင့် အာကာသကဏ္ဍများကို ရည်ရွယ်သည့်အနောက်နိုင်ငံများ၏ ကျယ်ပြန့်သော ပိတ်ဆို့အရေးယူမှုများရှိနေသော်လည်း ရုရှားသည် အဆင့်မြင့်ဒုံးကျည်စနစ်များကို တီထွင်ထုတ်လုပ်ရန်နှင့် တပ်ဆင်ရန် ရေရှည်တည်တံ့သော စွမ်းရည်ကို ပြသခဲ့သည်။ ပြည်တွင်း စက်မှုလုပ်ငန်းခံနိုင်ရည်ရှိမှု၊ အားကောင်းသည့်သွင်းကုန်အစားထိုးမှုနှင့် အနောက်အုပ်စုနှင့်နှစ်မျိုး အသုံးပြုမှုနည်းပညာများကို ဆက်လက်ရရှိစေခြင်းဖြင့် ရုရှားသည် ၎င်း၏မဟာဗျူဟာမြောက် လက်နက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဆက်လက်လည်ပတ်နိုင်ခဲ့သည်။

အနောက်အုပ်စု၏ ပိတ်ဆို့မှုများသည် ဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေသော်လည်း ရုရှား၏ ဆန်းသစ်တီထွင်မှုစွမ်းရည်ကို ဖျက်ဆီးနိုင်ခဲ့ခြင်းမရှိပေ။ ဆန့်ကျင်ဘက်အနေဖြင့် ဤကန့်သတ်ချက်များက ရုရှား၏ဟိုက်ပါဆောနစ်လက်နက်များနှင့် အာကာသငြင်းပယ်စနစ်ကဲ့သို့သော ဘက်မညီစွမ်းရည်များအပေါ် အာရုံစိုက်မှုကို ပိုမိုအားကောင်းစေဟန်ရှိသည်။ ဤစနစ်များက NATO ၏ သမားရိုးကျတိကျသည့်တိုက်ခိုက်မှုနှင့် လေကြောင်းလွှမ်းမိုးမှု အားသာချက်များကို ကျော်လွှားရန် အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

ခြုံ၍ဆိုရလျှင် ရုရှား-ယူကရိန်းပဋိပက္ခတွင် အနောက်အုပ်စုနိုင်ငံများသည် ယူကရိန်းသို့ စစ်လက်နက်ပစ္စည်းမျိုးစုံပံ့ပိုးခြင်းဖြင့် ရုရှား၏စစ်ရေးစွမ်းပကားကို အကဲစမ်းသည့်ပမာ ဖြစ်လာခဲ့သည်။ အမြောက်ကျည်များ အများအပြားထောက်ပံ့ခြင်း၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပံ့ပိုးခြင်း၊ ဒရုန်းမျိုးစုံပံ့ပိုးခြင်းဖြင့် ယူကရိန်းကို အကူအညီပေးခဲ့ကြသည်။ ရုရှားနိုင်ငံကလည်း ယင်းစစ်လက်နက်ပစ္စည်းများကို တစ်ခုချင်းတိုက်ခိုက်ချေမှုန်းပြသခဲ့သည်။ ယခုအခါ ရုရှား၏ Oreshnik ဒုံးကျည်စွမ်းပကားများက NATO နှင့် အမေရိကန်တို့အပေါ် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

– Defense News, January 2026

**နေရှား(သုတေသန)**



ရုရှားနိုင်ငံ၏ Oreshnik ဒုံးကျည်ကို တွေ့ရစဉ်။

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဝက်လက် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားကေထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ကုလားပဲ ၅၄၃၂၇ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ၅၅၉၈၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၅၄၃၂၇ ကေ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၅၅၉၈၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ကေ စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး


**သာစည် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယင်းမာရိုးကျေးရွာ၌ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ယင်းမာရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၁၀ကို ငွေကျပ် ၃၈ ဒသမ ၂သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ဦးကို ငွေကျပ် ၁၉သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၀ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**






INNWA BANK LIMITED

ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်

- စာရင်းရှင်အပ်ငွေစာရင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ဘဏ်အာမခံလုပ်ငန်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- ချေးငွေများထုတ်ချေးခြင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း
- အပ်ငွေစာရင်းချိတ်ဆက်ခြင်း



အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂

အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့်
နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။


## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ လမ်းပြကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–4 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးစောအောင်မိုး၏သမီး မယွန်းမြတ်နိုးအောင်၏အမည်မှန်မှာ မလွန်မြတ်နိုးအောင် ဖြစ်ပါကြောင်း။ **မလွန်မြတ်နိုးအောင်**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ The Kipling English ပညာသင်ကျောင်း၊ Grade–2 အတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်သူ၏ သမီး မခေတ်သွန်းဝတီကျော်အား မခင်စုစုစံဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်စုစုစံ**

## ပျောက်ဆုံးကြောင်း

ကုန်းကြမ်းမြို့နယ်၊ ဆုံကန်အုပ်စု၊ ဟိုမိုကျိုးရွာနေ လျူထိုက်ချူ (ဘ) ဦးလျူလောက်အဲ(၁၃/ကကန(နိုင်)၀၁၂၇၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ–185715)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–685357564**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နောင်မွန်အုပ်စု၊ နောင်ပါရွာနေ အားဖာ (ဘ) ဦးရှောက်ဟိန်း(၁၃/လရန(နိုင်)၂၇၁၅၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI–674771)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–267666524**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ရပ်ကွက်နေ ဟိန်းထွန်းဇော် (ဘ) ဦးညီမောင်(၉/အမရ(နိုင်)၁၄၇၁၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–794923565**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နောင်မွန်အုပ်စု၊ နောင်ပါရွာနေ ရန်ချိန်ချောင် (ဘ) ဦးလောက်ယုံ(၁၃/လရန(နိုင်)၂၅၃၁၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI–674772)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–267666524**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ The Kipling English ပညာသင်ကျောင်း၊ Grade–10၊ IGCSE အတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်သူ၏သား မောင်ဝေယံကိုကိုအား မောင်ဝေယံအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဝေယံအောင်**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၅ လမ်း၊ ၈၇–၈၈ လမ်းကြားနေ မရင်မေ(၉/အမဇ(နိုင်)၀၈၆၄၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–029296)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–421011995**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၅ လမ်း၊ ၈၇–၈၈ လမ်းကြားနေ မရွှေရင်(၉/အမဇ(နိုင်)၀၈၆၄၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–029281)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–421011995**

## ပျောက်ဆုံးကြောင်း

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ ဘော်လားအင်းရွာကျောင်းနေ ဦးခေမာစာရ(၁၃/မမတ(သ)၀၀၀၃၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD–470801)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–442144654**

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။




“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြ...

❖ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

❖ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်....

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၉)၊တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်**

စာမျက်နှာ - ၁၆

## နီပါးရ်ဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ခရီးသွားပြည်သူများကို အသိပေးချက်

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ နီပါးရ်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုများကို တွေ့ရှိရခြင်းမရှိသေးသော်လည်း မူလလက်ခံကောင် လင်းနို့မျိုးစိတ်ဖြစ်သည့် သစ်သီးစားလင်းနို့၊ လင်းဆွဲများ ပေါများစွာ တည်ရှိရာဒေသဖြစ်ပြီး ကူးစက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည့် ဒေသတွင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် နီပါးရ်ဗိုင်းရပ်စ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့်-

❖ နီပါးရ်ဗိုင်းရပ်စ်ရောဂါလတ်တလောဖြစ်ပွားနေသည့်ဒေသများ (ဥပမာ-အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်- India, West Bengal State)သို့ မလိုအပ်ဘဲ ခရီးမသွားရန်၊

❖ လတ်တလောရောဂါဖြစ်ပွားရာ ဒေသများသို့ ရောက်ရှိနေသူများသည် ရောဂါဖြစ်ပွားရာဒေသများရှိ ဆေးရုံများသို့မဟုတ် ဖျားနာသူများပြားသည့်နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမပြုရန်၊

❖ လတ်တလောရောဂါဖြစ်ပွားရာဒေသများသို့ ခရီးသွားခဲ့ပြီး မိမိနိုင်ငံသို့ ပြန်လာစဉ်တွင် သံသယရောဂါများဖြစ်သည့် ပြင်းထန်စွာဖျားခြင်းနှင့် ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်း၊ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် အိပ်ငိုက်ခြင်းတို့ ခံစားရပါက လေဆိပ်ကျန်းမာရေးဌာန သို့မဟုတ် နယ်စပ်ဝင်ထွက်ပေါက်များရှိတာဝန်ကျကျန်းမာရေးဝန်ထမ်းများထံ မပျက်မကွက်သတင်းပို့ရန်၊

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

## မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေး Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ်ဖြင့် ရှေးပြေးစမ်းသပ်မှုစတင်



နေပြည်တော် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ရထားလက်မှတ်များကို Online မှဝယ်ယူ၍ ငွေပေးချေခြင်းစနစ် (Online Railways Ticketing and Payment System – ORTP) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြင်ဆင်ပေးလျက်ရှိသည်။

အဆိုပါစနစ်ရှေးပြေးစမ်းသပ်မှုအစီအစဉ် (Pilot Project)အဖြစ် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖေဖော်ဝါရီ ၇ ရက်တွင် ပြေးဆွဲပေးမည့် အမှတ်(၁၁)အဆန်၊ (၁၂)အစုန် (ရန်ကုန်-မန္တလေး-ရန်ကုန်) လူစီးအမြန်ရထား၊ အမှတ်(၇)အဆန်၊ (၈)အစုန် (ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထား၊

စာမျက်နှာ ၂၁ ကော်လံ ၁ ❖

**၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေအခု ၂၀၊ ငွေ ၁၉ခု၊ ကြေးအခု ၂၀ ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ**

စာမျက်နှာ - ၂၀

**အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂ ဦးကို မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်**

စာမျက်နှာ - ၂၂

